# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၉၈)၊ ၁၃၈၆ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၁၀ ရက် ၊ ၂၄–၆–၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

**နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ပြီး လုပ်သားများအတွက် အလုပ်အကိုင်အများဆုံးပေးနိုင်သည့် ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို အားကောင်းစေသော အဓိက အင်ဂျင်တစ်ခုမှာ MSMEs ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြား

# မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်လို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**တိုင်းပြည်သာယာဝပြောရေးအတွက် အားလုံးပူးပေါင်းအကောင်အထည်ဖော်**

ဦးစွာနိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းပြည်သာယာဝပြောရေး အတွက် နိုင်ငံတော်အစိုးရမှ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ

စာမျက်နှာ ၃ သို့

## ကမ္ဘာ့ MSME နေ့ (World MSME Day) ကျင်းပမည်

နေပြည်တော် ဇွန် ၂၃

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ဇွန် ၂၇ ရက်ကို "ကမ္ဘာ့ MSME နေ့" အဖြစ် ၂၀၁၇ ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြသည်။

စာမျက်နှာ ၁၀ သို့




## ထိုင်းနိုင်ငံရှိ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရ မြန်မာအလုပ်သမားအား ခံစားခွင့်များရရှိရန် ညှိနှိုင်းပေး

ရန်ကုန် ဇွန် ၂၃

ထိုင်းနိုင်ငံလုပ်ငန်းခွင်အတွင်း မတော်တဆ အက်ဆစ်ဖျန်းမိ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာအလုပ်သမားတစ်ဦးအား ဥပဒေပါ အကျိုးခံစားခွင့်များရရှိစေရေး အလုပ်သမားသံမှူးက သွားရောက်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့

## ယနေ့အတွက် ဖတ်စရာ


ကြေးနန်းဆက်သွယ်ရေး၏ သမိုင်းမှတ်တမ်းများ (ဆောင်းပါး) — စာမျက်နှာ ၉

နော်ဝေအသင်းက ဆီနီဂေါ်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ — စာမျက်နှာ ၁၁

စမ်းသပ်ဂြိုဟ်တုတစ်စင်းကို အာကာသထဲသို့ လွှတ်တင်ရန် လောင်းမတ်ချ် ၇ အေ သယ်ဆောင်ရေးဒုံးပျံတစ်စင်း လွှတ်တင် — စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၃

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့။

## ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘင်းမ်စတက်အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတက အဆွေတော်နှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်းနှင့် မြန်မာနိုင်ငံမှ ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့တွင် မူလအဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သည်မှာ လာမည့်နှစ်တွင် နှစ်(၃၀)ပြည့်မြောက်တော့မည်ဖြစ်ပြီး အဖွဲ့ကြီးကို ရည်ရွယ်ချက်ကောင်းများဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ အောင်မြင်မှုမှတ်တမ်းများလည်း များစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးသည် အဖွဲ့ဝင်နိုင်ငံအချင်းချင်း နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်သည့် အဖွဲ့ကြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် သမ္မတအဖြစ် ရွေးကောက်ခံရချိန်တွင် အဆွေတော်အနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိတို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ခုဖြစ်စေရေး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဘင်းမ်စတက်အတွင်းရေးမှူးချုပ်က အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော်တို့နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် အဆွေတော်သမ္မတအဖြစ် ရွေးကောက်ခံရမှုအပေါ်တွင်လည်း မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် ဦးဆောင်သည့် အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစ၍ ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ ပြည်ပခရီးစဉ်များ သွားရောက်ခြင်းဖြင့် ဒေသတွင်းဆက်ဆံရေးကိုလည်း ပိုမိုတိုးတက်အားကောင်းလာစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်သည် ပွင့်လင်းလာပြီဖြစ်ပြီး ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအတွင်း၌လည်း မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နံပါတ်(၁)နေရာတွင်ရှိပါကြောင်း၊ ဘင်းမ်စတက်အဖွဲ့ကြီးအနေဖြင့် မကြာမီကာလအတွင်း ဦးဆောင်အစည်းအဝေးများနှင့် အခြားသော လှုပ်ရှားမှုများစွာကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဆွေးနွေး ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ဘင်းမ်စတက်အဖွဲ့အတွင်း အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများတွင် ပါဝင်သည့် ကုန်းတွင်းပိတ်နိုင်ငံများဖြစ်သော နီပေါနိုင်ငံနှင့် ဘူတန်နိုင်ငံတို့၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်သင့်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူထမ်းဆောင်ရမည်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ချိန်၌ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း၊ ပြည်သူများအချင်းချင်း ဆက်ဆံရေးနှင့် ကူးလူးဆက်ဆံမှုများ ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး |
|---|---|
| | ရာထူး၊ ဌာန |
| (၁) ဒေါက်တာ ကြည်ကြည်သန်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| (၂) ဦးဇော်ဇော်အေး | ညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |

### ၂၃ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## မဟာအောင်မြေမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးခြင်းဆောင်ရွက်

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ ကျောင်းကျန်းမာရေး အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆောင်ရွက်ရာသို့ မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဖြိုးအိစံနှင့် ကျန်းမာရေးဝန်ထမ်းများက ကံတက်ကုန်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများစစ်ဆေးပေးခြင်း၊ ပဏ္ဏာမမျက်စိစမ်းသပ်ခြင်း၊ကျန်းမာရေးပညာပေးခြင်း၊စနစ်မှန်သွားတိုက်နည်းသင်ကြားပေးခြင်း၊ ကျောင်းဈေးသည်များအား ကျန်းမာရေးအသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**



အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေး၊ အောင်မြေသာစံမြို့နယ် သမဝါယမမိသားစုက မန္တလေးတောင်အနောက်ဘက်စောင်းတန်းရှိ အဘယခေမာရွှေတောင်ကြားကျောင်းတိုက်သို့ နဝကမ္မအလှူငွေကျပ်နှစ်သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တဝိသုဒ္ဓထံ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်နှင့်ဝန်ထမ်းများ၊ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအောင်သူရနှင့်တာဝန်ရှိသူများက ဇွန် ၂၃ ရက် နံနက်ပိုင်းက ဆက်ကပ်လှူဒါန်းစဉ်။ **(မန္တလေးနေ့စဉ်-၆)**

## ဒသမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေး

**မိုင်းကိုင် ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ လိုအပ်သောငွေကြေး အရင်းအနှီးရရှိစေရန် ဟိုနားကျေးရွာအုပ်စု၊ ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ဒသမကြိမ်မြောက်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဟိုနားကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင် အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် စီမံကိန်းကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြား၍ ဟိုနားကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၂ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များမှ ဟိုနားကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် အသင်းသူ၊ အသင်းသား ၂၆ ဦးအား ငွေကျပ် ၅၄၂ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း မိုင်းကိုင်မြို့နယ်ကျေး လက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**အောင်ရဲကျော်**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❂ ရှေ့ဖုံးမှ

အလိုက် အားလုံးပူးပေါင်း၍ လုပ်ငန်းများအောင်မြင်မှုရှိစေရေးအတွက် ကဏ္ဍအလိုက် အလေးထား အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများကို အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ယခုလာမည့် ဘဏ္ဍာနှစ်အတွင်း ပညာရေးကဏ္ဍနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ အဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်သွားရန်လိုကြောင်း။

**လုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လို**

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုများ အားနည်းနေဆဲပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့်ပြီးခဲ့သည့် လဆန်းပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်သွားရောက်ခဲ့ပြီး မကြာမီရက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်သွားရောက်ခဲ့ကြောင်း၊ ထိုသို့ခရီးစဉ်များသွားရောက်စဉ် မိမိတို့နိုင်ငံတွင် ပြည်ပကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရေးအတွက် ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြင့် အလုပ်အကိုင်များရရှိမည် ဖြစ်သကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ ရှိရင်းစွဲကုန်ထုတ်လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်ငန်းများ စွမ်းအားပြည့်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည့် သွင်းအားစုများရရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ မိမိတို့နိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားပြီးဖြစ်ပြီး လိုအပ်နေသည်မှာ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်ချင်စိတ်ရှိရန်ဖြစ်ပြီး အမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ အလုပ်လုပ်ချင်စိတ်သည် လူတိုင်းနှင့်သက်ဆိုင်ပြီး အလုပ်လုပ်နိုင်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများလိုအပ်သဖြင့် နိုင်ငံတော်မှ အလုပ်အကိုင်အခွင့်အလမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်ရန်နှင့် အလုပ်လုပ်တတ်ရန်အတွက် အသိပညာ၊ အတတ်ပညာများရှိရန် လိုအပ်သဖြင့် လိုအပ်သည်များကိုသင်ကြားပြသပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ အားလုံးလည်ပတ်နိုင်ရေးနှင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လို**

ယခုအခါ မိုးရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် စိုက်ပျိုးရန်သတ်မှတ်ထားသည့် သီးနှံများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်(၄)ချက်ကို လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိမှသာ အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေကောင်းမွန်ရေးအတွက်လည်း လိုအပ်သည့် သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝဓာတ်မြေဩဇာများကို စနစ်တကျ ထည့်သွင်းပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူစိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုပြီး နည်းစနစ်တကျ စိုက်ပျိုးရန်လည်း လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရန် သတ်မှတ်ထားသည့် သီးနှံများအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ကျွဲနွားများကို တရားမဝင်တင်ပို့ခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျွဲနွားများ ရှားပါးလာသည်ကိုတွေ့ရှိရကြောင်း၊ ကျွဲနှင့်နွားများရှားပါးလာမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများပိုမိုတိုးတက်မွေးမြူနိုင်ရေး မွေးမြူရေးဇုန်များဖြင့် တစ်အုပ်တစ်မ မွေးမြူဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နို့စားနွားများကိုပါ ထည့်သွင်းမွေးမြူသွားရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် စားသောက်ရေးကိုအထောက်အကူပြုစေမည့် ကြက်၊ ဝက်၊ ဆိတ်နှင့် ငါးများကိုလည်း တိုးတက်မွေးမြူသွားကြရန်လိုကြောင်း။

**စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ များစွာလိုအပ်**

ပညာရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်နှံမှုများမှာ ၇ သန်း ၂ သိန်းကျော်ခန့်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် KG+9 အထိ မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ KG+9 အထိသင်ကြားမည်ဆိုပါက ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက် ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

အကြောင်းအမျိုးမျိုးဖြင့် အချို့အခြေခံပညာကျောင်းများကို ဖျက်သိမ်းခြင်းနှင့် အချို့ကိုပေါင်းစည်းသင်ကြားခြင်းများဆောင်ရွက်ခဲ့ရသည်ကို တွေ့ရှိရကြောင်း၊ နယ်မြေလုံခြုံမှုရှိသည့် ဒေသများမှ အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းသားကျောင်းသူများ အပြည့်အဝ တက်ရောက်ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျောင်းများအဆင့်မြှင့်တင်လိုခြင်းနှင့်ပတ်သက်၍ ဒေသရှိ ကျောင်းတက်ရောက်သင်ကြားနိုင်မည့် ကျောင်းနေအရွယ်ကလေးငယ်များ၏ လူဦးရေအချိုးနှင့်တွက်ချက်၍ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းများအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရာတွင် သင်ကြားရေးဝန်ထမ်းလိုအပ်ချက်များ၊ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစီမံဆောင်ရွက်ရသည်ဖြစ်သဖြင့် စနစ်တကျ တွက်ချက်ပြီးမှသာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စနစ်တကျ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

**နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်**

အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများမှစတင်၍ စနစ်တကျ သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် အားကစားတွင် ပါဝင်လှုပ်ရှား ဆောင်ရွက်နိုင်ရန်အတွက် ကာယနည်းပြဆရာများ၊ အားကစားနည်းပြဆရာများဖြင့် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်အလိုက် အားကစားပြိုင်ပွဲများကို စနစ်တကျဖြင့် ကျင်းပပြုလုပ်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်ချက်များရှိနေသေးသဖြင့် အားကစားကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်ရှိစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

**လျှပ်စစ်ဓာတ်အားများအားစနစ်တကျသုံးစွဲရန်လို**

လျှပ်စစ်ဓာတ်အားများ တရားမဝင်ရယူသုံးစွဲနေမှုများနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးနှင့် မှန်မှန်ကန်ကန်ဖြစ်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ အပြည့်အဝလည်ပတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် မိမိတို့နိုင်ငံနှင့် အကိုက်ညီဆုံး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး တိုင်းရင်းသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပမှ တင်သွင်းရန်မလိုသည့် ကျောက်မီးသွေးမှလည်း လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်နိုင်သဖြင့် မိမိတို့နိုင်ငံတွင်လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ရန် ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်(EV)ကားများကို ပြည်တွင်း၌ပင် အစမှအဆုံးထုတ်လုပ်ပြီး ရောင်းချနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လျှပ်စစ်စွမ်းအင်သုံးကုန်တင်ယာဉ်များ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်များကိုလည်း ပြည်တွင်း၌ သုံးစွဲနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**ဒေသဝမ်းစာဖူလုံရေး**

ဒေသအလိုက် ဝမ်းစာဖူလုံရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဒေသဝမ်းစာဖူလုံရေးဆောင်ရွက်ရန် အခက်အခဲရှိသည့် အချို့သော ဒေသများ၌လည်း ဝမ်းစာဖူလုံမှုရှိစေရေး နိုင်ငံတော်မှ တတ်နိုင်သရွေ့နည်းလမ်းရှာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲပုပ်၊ နေကြာ၊ နှမ်း၊ မြေပဲ စသည့် ဆီထွက်သီးနှံများ အောင်မြင်စွာစိုက်ပျိုးဖြစ်ထွန်းစေရေးအတွက်လည်း အလေးထားဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

**ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

**ပြည်သူများ၏လိုလားချက်များနှင့် မိမိတို့၏မူဝါဒသဘောထားများကိုက်ညီမှုရှိစေရေး ပြည်သူများ၏ အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရန်လို**

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ထိတွေ့ဆက်ဆံမှုကောင်းရှိရန်လိုပြီး ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရန်လိုကြောင်း၊ မိမိတို့ကွပ်ကဲရသည့် ဝန်ထမ်းများနှင့် မိသားစုများ၏ လုပ်ငန်းပိုင်းဆိုင်ရာနှင့် ကိုယ်ရေးကိုယ်တာအခက်အခဲများနှင့် ပတ်သက်၍လည်း တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် ကိုယ်စိတ်နှလုံးချမ်းမြေ့စွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်ရေးအတွက်လည်း ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို မိမိတို့ဖြေရှင်းပေးနိုင်သည့်ဘက်မှ ဖြေရှင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများ၏ လိုလားချက်ကို မှန်ကန်စွာ သိရှိနိုင်မှသာလျှင် ဖြေရှင်းပေးနိုင်မည်ဖြစ်သဖြင့် ပြည်သူ့ဆက်ဆံရေးကောင်းမွန်ရန်လည်းလိုကြောင်း၊ အစိုးရအနေဖြင့် မိမိတို့ဖြစ်လိုသည်များကို မူဝါဒချမှတ်ဆောင်ရွက်ရသည်ဖြစ်သော်လည်း ပြည်သူများ၏ ဆန္ဒကို လျစ်လျူရှုခြင်းမျိုးမဖြစ်ရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည်ဖြင့် ကဏ္ဍအလိုက်၊ အလွှာအလိုက် လိုလားချက်များ၊ သဘောသဘာဝများ တူညီမှုရှိမည်မဟုတ်သည့်အတွက် ပြည်သူများ၏ လိုလားချက်များနှင့် မိမိတို့၏ မူဝါဒသဘောထားများကိုက်ညီမှုရှိစေရေး ပြည်သူများ၏ အသံကို မှန်မှန်သိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



“ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထားဆောင်ရွက်သည့်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို တတ်ကျွမ်းသည့် လူသားအရင်းအမြစ်များစွာလို၊ ထို့ကြောင့် အခြေခံပညာအလယ်တန်းမှစတင်၍ စိုက်ပျိုးမွေးမြူရေး အခြေခံပညာရပ်များကို သင်ကြားပေးလျက်ရှိ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက် ကြွယ်ဝလာစေရေးအတွက် ကျောင်းနေရာခိုင်နှုန်းများ မြင့်မားလာစေရေး ဝိုင်းဝန်းကြိုးပမ်း ”

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများ ပြန်လည်ဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံမှ ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို လက်ခံဖြေကြားခဲ့သည်။ ထိုသို့ ပြည်တွင်းမီဒီယာများ၏မေးမြန်းမှုအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည် -

Eleven Media Group အယ်ဒီတာချုပ် ဦးကျော်ဇောလင်း။ သမ္မတကြီးတို့ သမ္မတအဖြစ် ပြောင်းလဲတာဝန်ထမ်းဆောင်တဲ့ ရက် ၁၀၀ မပြည့်မီမှာ အိန္ဒိယ၊ အခု တရုတ် နိုင်ငံကြီးနှစ်နိုင်ငံက ခေါင်းဆောင်တွေနဲ့ သမ္မတကြီးတွေ့ခွင့်ရတယ်။ ပြီးတော့ ဒါမတိုင်ခင်လည်း နိုင်ငံငါးနိုင်ငံက နိုင်ငံခြားရေးဝန်ကြီးတွေက နေပြည်တော်မှာ သမ္မတကြီးကို လာရောက်တွေ့ဆုံကြတယ်။ သိထားတဲ့အချက်အလက်တွေအရလည်း နိုင်ငံခြားရေးဝန်ကြီးတွေ၊ အခြားသံတမန်တွေက သမ္မတကြီးကိုတွေ့ဆုံဖို့ ရှိနေတာတွေ ထပ်ပြီးရှိတယ်။ အဲဒီတော့ ပြီးခဲ့တဲ့ ငါးနှစ်တာ သံတမန်ရေးဆိုင်ရာ အထီးကျန်မှုကနေ အခုလို ပြောင်းလဲလာတဲ့အနေအထားက မြန်မာနိုင်ငံအတွက် မြန်မာပြည်သူတွေအတွက် ဘယ်လို အပေါင်းလက္ခဏာဆောင်တဲ့အရာတွေ ဖြစ်မယ်ထင်ပါသလဲခင်ဗျ။

**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်။** နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေးကတော့ သက်ဆိုင်ရာနိုင်ငံတွေအတွက် အရေးပါတဲ့ကဏ္ဍမှာရှိတယ်။ သံတမန်ဆက်ဆံရေးပါ။ ခေါင်းဆောင်တွေရဲ့ဆက်ဆံရေးရှိမယ်၊ ပြီးတော့ အစိုးရချင်းဆက်ဆံရေးရှိမယ်၊ သံတမန်ရေးရာဆက်ဆံမှုရှိမယ်၊ စီးပွားရေးအရ ဆက်ဆံမှုတွေရှိမယ်၊ ကဏ္ဍပေါင်းစုံရှိတယ်။ ခုနက ခင်ဗျားမေးတဲ့ ငါးနှစ်တာကာလအတွင်းမှာ အထီးကျန်ခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့က ကြိုးစားပါတယ်။ တကယ်တော့ နိုင်ငံရေးအရ လုပ်တာပါ။ ကျွန်တော်တို့က ကျွန်တော်တို့ လက်ခံကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ကို ခိုင်ခိုင်မာမာကျင့်သုံးမယ်ဆိုပြီး ဆုံးဖြတ်ပြီးလုပ်လာခဲ့တာပါ။ အဲဒီနိုင်ငံရေးစနစ်ကို ကောင်းကောင်းမွန်မွန် လုပ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ဒီလိုအခြေအနေတွေ ဖြစ်လာခဲ့တာပါ။ ကျွန်တော်တို့ အခုရအောင်ပြောင်းလဲခဲ့ပြီ။ ကျွန်တော်တို့ ဒီဟာကို ခိုင်ခိုင်မာမာဖြစ်အောင် လုပ်သွားမယ်။ အဲဒါဆိုရင် နိုင်ငံတကာဆက်ဆံရေးမှာ မြန်မာနိုင်ငံရဲ့ပါဝင်မှုဟာ မူလအခြေအနေထက် ပိုကောင်းအောင် လုပ်နိုင်မယ်လို့ ကျွန်တော်ယူဆတယ်။ ခင်ဗျားခုနကမေးလိုက်တဲ့ အခြားနိုင်ငံတွေလည်း လာကြလိမ့်မယ်ဆိုတာ မှန်ပါတယ်။ လာကြဖို့လည်း ကမ်းလှမ်းထားတာရှိသလို ကျွန်တော့်ကိုလည်း လာဖို့ဖိတ်ထားတဲ့နိုင်ငံတွေလည်းရှိတယ်။ ထို့အတူပဲ နိုင်ငံခြားရေးဝန်ကြီးတို့၊ သက်ဆိုင်ရာ Counter Part ဝန်ကြီးတွေ၊ ဝန်ကြီးဌာန ဝန်ကြီးတွေ အတူတူပဲဖြစ်ကြတယ်။ နောက်တစ်ခါ အဖွဲ့အစည်းတွေ လူငယ်တွေကစပြီးတော့ ကျန်တဲ့ Institution တွေနဲ့ အမျိုးစုံပဲ ဖိတ်ကြတယ်။ ကျွန်တော်တို့ဆီလည်း လာကြတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အခွင့်အလမ်းတွေချည်းပဲဖြစ်မယ်။ ဒါကို ကျွန်တော်တို့က ကောင်းကောင်းအသုံးချရမယ်၊ မှန်မှန်ကန်ကန်လည်း အသုံးချဖို့လိုတယ်။ အဲဒီအပေါ်မှာ ရိုးရိုးသားသားလည်း အသုံးချဖို့လိုတယ်။ အမြတ်ထုတ်ဖို့တော့ သွားလုပ်လို့မရဘူး။ အမြတ်ထုတ်မယ့် ရည်ရွယ်ချက်ရှိရင် ဘယ်တော့မှမခိုင်မာဘူး။ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန်လုပ်မယ်ဆိုရင် ခိုင်ခိုင်မာမာဖြစ်မယ်။ အခု ကျွန်တော်တို့သွားတဲ့ နိုင်ငံရေးစနစ်ရော၊ စီးပွားရေးစနစ်ရော တကယ်ရိုးရိုးသားသားနဲ့ တိုင်းပြည်ကောင်းအောင်လုပ်ဖို့ ရည်ရွယ်ချက်နဲ့လုပ်တာပါ။ နိုင်ငံတကာဆက်ဆံရေးမှာလည်း တကယ်ရိုးရိုးသားသားနဲ့ ဆက်ဆံတယ်။ ကျွန်တော်တို့က နိုင်ငံအားလုံးနဲ့ နိုင်ငံရေးမှာ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးတယ်။ ဒါကတကယ့် အခိုင်မာဆုံးပဲ။ နောက်တစ်ခါ အိန္ဒိယနဲ့ တရုတ်ဆိုလို့ရှိရင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နဲ့ ကျွန်တော်တို့ ထိတွေ့ဆက်ဆံထားတဲ့ နိုင်ငံတွေဖြစ်တယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်တွင်းမီဒီယာများ၏ တွေ့ဆုံမေးမြန်းမှုများကို ဖြေကြားစဉ်။

ဒါကြောင့် ဒီအပေါ်မှာအခြေခံပြီး လုပ်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ အင်မတန်ကောင်းတယ်လို့ ကျွန်တော်ပြောချင်တယ်။

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)။ တရုတ်နိုင်ငံရဲ့ Belt and Road Initiative နဲ့ မြန်မာနိုင်ငံရဲ့ ဒေသတွင်းချိတ်ဆက်မှု အလားအလာတွေကို ပေါင်းစပ်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံဟာ တရုတ်၊ အာဆီယံနဲ့ အိန္ဒိယသမုဒ္ဒရာ ချိတ်ဆက်ပေးတဲ့ မဟာဗျူဟာမြောက် Land Bridge ကျွန်တော်တို့ ကုန်းတွင်းတံတားနိုင်ငံအဖြစ်နဲ့ ရှိမယ်လို့လည်းပြောကြပါတယ်။ အဲဒီတော့ ကုန်းတွင်း Land Bridge နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံကို သမ္မတကြီးအနေနဲ့ ပိုမိုဆောင်ရွက်သွားဖို့အစီအစဉ်များ ရှိပါသလားခင်ဗျား။

**နိုင်ငံတော်သမ္မတ။** တကယ်တော့ မြန်မာနိုင်ငံက ခုန Land Bridge နိုင်ငံတင်မဟုတ်ဘူး။ တကယ့်ဆုံချက်နိုင်ငံဖြစ်နေတာပါ။ ဆုံချက်ဆိုတာမှာ တော်တော်ကိုကြီးမားတဲ့ Impact ရှိပါတယ်။ ဥပမာအားဖြင့် အိန္ဒိယသမုဒ္ဒရာဘက် သွားမယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်ဘက်က နိုင်ငံတွေ၊ အခုဆိုရင် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် လမ်းစတွေပေါ်လာပြီဆိုတော့ အဲဒီအခွင့်အလမ်းတွေအများကြီးကို ကျွန်တော်တို့ အသုံးချလို့ရပါတယ်။ ဒါကတစ်ခု၊ တရုတ်နိုင်ငံအတွက်ပါ။ နောက်တစ်ခါ အိန္ဒိယနိုင်ငံဘက်က ပြန်ကြည့်ရင် အိန္ဒိယကလည်း သူတို့ဘက်က အခြေအနေပေးရင် တရုတ်ဘက်ဆက်သွယ်မှု၊ သူတို့လည်း သူတို့နယ်နိမိတ်ချိတ်ဆက်နေတဲ့ အပိုင်းတွေရှိတယ်။ သို့သော် ကျွန်တော်တို့နိုင်ငံတွေ တရုတ်နိုင်ငံဘက်သွားမယ်ဆိုရင် competition လုပ်လို့ရတဲ့ နယ်ပယ်တွေမှာ သူတို့လုပ်ခွင့်ရှိမှာပါ။ ဒီလိုပဲအာဆီယံနိုင်ငံဆိုလည်း သူတို့သွားလို့ရမယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတင်မကဘူး။ တခြားနိုင်ငံတွေကလည်း မြန်မာနိုင်ငံကိုအခြေပြုပြီးတော့ အိန္ဒိယနိုင်ငံသွားမလား၊ တရုတ်နိုင်ငံသွားမလား၊ အာဆီယံသွားမလား။ ဒါကို ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ အဲဒီလို အသုံးချနိုင်ဖို့ဆိုရင် တည်ငြိမ်အေးချမ်းရေးက အရေးကြီးတယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးတည်ငြိမ်အေးချမ်းမှု၊ ပြည်သူလူထုရဲ့ဘဝတွေ တည်ငြိမ်အေးချမ်းမှု၊ ဘဝတည်ငြိမ်အေးချမ်းမှုရှိဖို့ လိုတယ်။ နိုင်ငံရေးကတစ်ပိုင်း၊ ပြည်သူလူထုရဲ့ဘဝက တစ်ပိုင်း၊ မတူဘူး၊ ကွဲပြားခြားနားပါတယ်။ ဒီလိုသာ လုပ်မယ်ဆိုရင်၊ အသုံးချနိုင်မယ်ဆိုရင် တိုင်းပြည်က အခြေအနေကောင်းတွေ အများကြီးရှိတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

ဦးကျော်ဇောလင်း။ သမ္မတကြီး ဒီကာလအတွင်းမှာ တွေ့ဆုံခဲ့တဲ့ နိုင်ငံကြီးနှစ်နိုင်ငံ တရုတ်ရယ်၊ အိန္ဒိယရယ်ပါ၊ သူတို့ရဲ့ purchasing power parity အရ ကျွန်တော်တို့ တရုတ်ဆိုရင် အဆင့် ကမ္ဘာ့အဆင့်တစ်၊ အိန္ဒိယဆို အဆင့်သုံးရှိပါတယ်။ သူတို့ရဲ့ ဝယ်ယူနိုင်စွမ်းအားကောင်းတဲ့ နိုင်ငံတွေ၊ အိန္ဒိယဆိုရင် အိန္ဒိယ-မြန်မာ-ထိုင်း လမ်းကြောင်းကို သူတို့ကအမိကထားတယ်။ တရုတ်ဆိုရင် BRI ပါ။ အဲဒီတော့ ဒီလမ်းတွေ အမြန်ဆုံးဖြစ်လာဖို့ သမ္မတကြီးအနေနဲ့ ဘယ်လိုအစီအစဉ်ရှိပါသလဲ။ ဒါနဲ့ဆက်စပ်ပြီးတော့ သမ္မတကြီး ရှီကျင့်ဖျင်နဲ့ တွေ့တဲ့အချိန်၊ မိုဒီနဲ့တွေ့တဲ့ အချိန်မှာ ကျွန်တော်တို့ ဒီစီမံကိန်းကြီးတွေနဲ့ လုံခြုံရေးကိုအလေးထားဖို့ အိန္ဒိယရော တရုတ်ရော ပြောတာကို တွေ့ရပါတယ်။ အဲဒီတော့ သမ္မတကြီးတို့ အစိုးရသစ်အနေနဲ့ ဒီလုံခြုံရေးပိုင်းဆိုင်ရာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းဖို့ ရှိပါသလဲ။

**နိုင်ငံတော်သမ္မတ။** လုံခြုံရေးပိုင်းဆိုင်ရာ ကိုင်တွယ်မှုဆိုတာမှာ တရားဥပဒေစိုးမိုးရေးရှိရမှာပါ။ တရားဥပဒေစိုးမိုးရေးရှိရင် လုံခြုံရေးဆိုတာ သူ့ဟာသူဖြစ်လာမှာပါ။ တရားဥပဒေ စိုးမိုးရေးနဲ့ လုံခြုံရေးနဲ့ ဆက်စပ်သလိုပဲ တစ်ဖက်က နိုင်ငံရေးကလည်း တည်ငြိမ်အေးချမ်းမှု ရှိရတယ်။ နိုင်ငံရေးလမ်းကြောင်း မှန်ကန်လို့ရှိရင် တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးက သူ့ဟာသူ အလိုလိုပါလာလိမ့်မယ်။ နိုင်ငံရေးတည်ငြိမ်အေးချမ်းမှုမရှိလို့ရှိရင်၊ မမျှတဘူးဖြစ်နေပြီဆိုရင် တည်ငြိမ်အေးချမ်းမှုက ပြဿနာရှိမယ်။ ဖြတ်သန်းခဲ့တဲ့သမိုင်းကြောင်းပြန်ကြည့်ပါ။ နိုင်ငံရေးကြောင့် ဖြစ်လာတဲ့ ပြဿနာတွေရှိတယ်။ ထွက်ပေါက်တွေပါ။ ကျွန်တော်တို့ အခုက ပါတီစုံဒီမိုကရေစီသွားနေတဲ့ အချိန်ပါ။ ကျွန်တော်တို့ ဒါကိုမှန်မှန်ကန်ကန်အသုံးချပြီး လုပ်မယ်ဆိုရင် စောစောကပြောတဲ့ အင်အားကြီးနှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အခွင့်အလမ်းတွေက မြန်မာနိုင်ငံကနေ Cross-border တွေပါ။ ကျွန်တော်တို့ ခုနကပြောတဲ့ သုံးနိုင်ငံ အိန္ဒိယကနေ မြန်မာ၊ မြန်မာကနေ ထိုင်း၊ အဲဒါတင်မကဘူး။ အိန္ဒိယကနေပြီးတော့ တရုတ်ကိုသွားလို့ရတယ်၊ တရုတ်ကလည်း ဒီလိုပဲ၊ ကျွန်တော်တို့ဆီကလာမယ်၊ ကျွန်တော်တို့ဆီကနေ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာဆီယံသွားမယ်။ ပြီးတော့ အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက်ကနေပြီးတော့ အနောက်ဘက်ကနိုင်ငံတွေ အကုန်လုံးသွားလို့ရတယ်။ နည်းတဲ့ ကြီးမားတဲ့အခွင့်အရေးမဟုတ်ဘူး။ နှစ်နိုင်ငံပဲကြည့်လိုက်ရင် လူဦးရေသန်းပေါင်း ၃၂၀၀ ကျော်ရှိတဲ့ ဈေးကွက်ကြီးပါ။ သူတို့အတွက်က မြန်မာနိုင်ငံက ဈေးကွက်သေးပါတယ်။ သို့သော် မြန်မာနိုင်ငံကတော့ တကယ့်ကြီးမားတဲ့ ဈေးကွက်ကြီးပါ။ ပြောရရင်တော့ ရေကန်နဲ့သမုဒ္ဒရာ ကွာသလို ကွာခြားမှုရှိတယ်။ ကျွန်တော်တို့က အသုံးချနိုင်ဖို့လိုတယ်။ ခုနက ပြောတဲ့ တည်ငြိမ်အေးချမ်းမှုက ဘာအထောက်အကူရမလဲ၊ တည်ငြိမ်အေးချမ်းမှုရှိမှ အထောက်အကူရမှာပါ။ တည်ငြိမ်အေးချမ်းမှုမရှိရင် အထောက်အကူမရဘူး။ အဲဒီတော့ တည်ငြိမ်အေးချမ်းမှုရှိဖို့ဆိုရင် နိုင်ငံရေးက အရေးကြီးဆုံးပဲ။ နိုင်ငံရေးကို ကျွန်တော်တို့က တကယ်ခိုင်မာအောင် လုပ်ဖို့လိုတယ်။ ဒါကို ယုံကြည်မှုရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိဖို့လိုတယ်။ ဒါပေမဲ့ နိုင်ငံရေးကို ဘယ်လောက်ပဲ ကျွန်တော်တို့က ယုံကြည်မှုရှိအောင်လုပ်ပေးပေး၊ ပြည်သူလူထုရဲ့ Concept လည်းလိုတယ်။ သူတို့ရဲ့အတွေးအခေါ်တွေ လိုက်ပါနိုင်အောင် ကျွန်တော်တို့ဆောင်ရွက်ပေးရမှာပါ။ ဒါက ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေ အများကြီးရှိတယ်။ ဒါကတစ်နှစ်၊ နှစ်နှစ်နဲ့မရောက်ဘူး။ လေး၊ ငါးနှစ်နဲ့လည်းမရောက်ဘူး။ ၁၀ နှစ်လောက်၊ ၁၅ နှစ်လောက် ကျွန်တော်တို့ကြိုးစားရမယ်။ အရေးကြီးတာကတော့ တိုင်းပြည်ပေါ်မှာ ကောင်းစေချင်တဲ့စိတ်ရှိတယ်ဆိုတဲ့ နိုင်ငံသားတွေရဲ့ စိတ်ဓာတ်ပဲ။ တိုင်းပြည်ကိုကောင်းအောင်လုပ်မယ်ဆိုတဲ့ နိုင်ငံသားတိုင်း၊ ပြည်သူလူထုအားလုံးပါတယ်။ ဟိုတစ်ကွက် ဒီတစ်ကွက်၊ ဟိုလူချန်ခဲ့ ဒီလူချန်ခဲ့ လုပ်လို့မရဘူး။ အကုန်လုံးပါရမယ်။ တစ်ခုခု ပြဿနာရှိရင်၊ ခံစားချက်ရှိရင် သူတို့က ပြဿနာရှာနေမှာပါပဲ။ ပြဿနာရှာလို့ အခုလို နိုင်ငံရေးမတည်မငြိမ်မှုတွေဖြစ်တာပါ။ ပြဿနာမရှာအောင် လုပ်ဖို့ဆိုတာ ဥပဒေနဲ့ စည်းကမ်းနဲ့အညီပဲ သွားလို့ရတယ်။ လူဆိုတာ မျိုးစုံဆန္ဒရှိမယ်၊ မတူနိုင်ဘူး။ အဲဒီတော့ ကျွန်တော်တို့က စည်းမျဉ်းစည်းကမ်း ဥပဒေနဲ့ပဲသွားရမယ်။ ဥပဒေနဲ့လုပ်ရာမှာလဲ တောင့်တောင့်တင်းတင်းကြီး လုပ်ဖို့မဟုတ်ဘူး။ Relax ဖြစ်ရမှာပါ။ ဒါကို ကျွန်တော်တို့က ပြည်သူတွေ စိတ်ချမ်းသာအောင်လုပ်ပေးရမယ်။ ပြောရမယ်ဆိုရင် ဒါကအဖြေပဲ။ ပြည်သူစိတ်ချမ်းသာအောင် လုပ်ပေးရမယ်။

ဦးကိုကို။ ကျွန်တော်တို့ ဒီနေ့ကမ္ဘာ့အခြေအနေကို ကြည့်မယ်ဆိုရင် Multipolar world လို့ခေါ်တဲ့ ဝင်ရိုးစွန်း ဝင်ရိုးစွန်းအပွားအစုံများ ပိုမိုပြီးတော့ ပေါ်လွင်လာတာ တွေ့ရပါတယ်။ အဲဒီ Multipolar world ကြောင့်လည်း နိုင်ငံငယ်လေးတွေက မိတ်ဖက်ဆက်ဆံရေးတွေ အခြားနိုင်ငံတွေနဲ့ ပိုပြီးတိုးမြှင့်ဆောင်ရွက်နိုင်တဲ့ အခွင့်အလမ်းတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သမ္မတကြီးဆီကနေ သိချင်တာကတော့ မြန်မာနိုင်ငံအနေနဲ့ အခုလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးလာတယ်။ နှစ်နိုင်ငံရဲ့ဆက်ဆံရေးကလည်း တိုးမြှင့်လာတယ်၊ မြှင့်တင်လာတယ်။ အဲဒီ ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးကို အခြေခံပြီးတော့ ဒီထွန်းသစ်စပြုလာတဲ့ ကျွန်တော်တို့ Multipolar world အစီအစဉ်မှာ အခွင့်အလမ်းတွေ ဘယ်လိုမျိုးယူရနိုင်မလဲခင်ဗျာ။

**နိုင်ငံတော်သမ္မတ။** အများကြီးရှိတယ်။ ကမ္ဘာ့နိုင်ငံတွေကြည့်လိုက်ပါ၊ အကုန်လုံးကတော့ သူတို့က လိုလားချက် အကုန်ရှိကြတာချည်းပဲ။ အရင်ကတော့ Unipolar၊ Bipolar ဒီလို သွားကြတာကိုး။ Unipolar နဲ့ ဖြစ်ကြတယ်။ Unipolar မှာလည်း ခံရတယ်၊ Bipolar မှာလည်း ပြိုင်ဘက်တွေရှိတော့ ပိုပြီးတော့ ပါလာတယ်၊ ဒီပြဿနာရှိတယ်။ Multipolar ဆိုတာကတော့ ဖြစ်နိုင်လို့ရှိရင် နိုင်ငံအားလုံး နိုင်ငံနဲ့လည်း ရှိမယ်၊ Region လိုက်လည်းရှိမယ်၊ Group လိုက်လည်း ရှိမယ်။ ဒီကနေယှဉ်ပြိုင်ပြီးတော့ လုပ်လာမယ်ဆိုရင် နိုင်ငံအားလုံးတူညီတဲ့ အကျိုးခံစားရမယ်။ ဘာမှခွဲခြားမှုမရှိဘူး။ လူမျိုးရေးအရခွဲခြားမှု၊ အသားအရောင်အရ ခွဲခြားမှု၊ ဘာသာရေးအရခွဲခြားမှု၊ ဒေသအရခွဲခြားမှု ဒါတွေမရှိအောင် ကျွန်တော်တို့လုပ်ရမယ်။ ဒီလိုသာ လုပ်မယ်ဆိုရင် ကမ္ဘာကြီးက တည်ငြိမ်အေးချမ်းမှုနဲ့ တိုးတက်မှုရှိသွားလိမ့်မယ်။ ဒါကို ကျွန်တော်တို့ အသုံးချနိုင်ဖို့လိုတယ်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် ဇွန် ၂၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေး၊ ချောင်းကူးနှင့်မြစ်ကူးတံတားများ တည်ဆောက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် တလုတ္တော်၊ ကရင်စု၊ အုတ်ကျင်းကျေးရွာချင်းဆက်လမ်းသည် ပေ ၄၆၂၀ ရှည်လျားပြီး ၎င်းလမ်းအား ၂၂ ပေ မြေသားတာပေါင်တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက အဆိုပါလမ်းအရှည် ၇ ဖာလုံအား ကွန်ကရစ်လမ်းခင်းပေးမည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၂၃၄ ဒသမ ၅၆၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာသုံးရွာ၊ အိမ်ခြေ ၃၆၆ အိမ်၊ လူဦးရေ ၂၇၁၄ ဦးကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာအပေါ်အခြေခံပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပူးပေါင်း၍ ကျေးရွာ၊ အိမ်ခြေ၊ ဦးရေ၊ ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြသွားမည်ဖြစ်ပြီး ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ လမ်းလွှာအဆင့်ဆင့်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာစည်မဲဆန္ဒနယ်မှ ဒေါ်ကြူကြူမော်၏ **သာစည်မြို့မြောက်ဘက် ၈ မိုင်ခန့်ရှိ ဝမ်းသာ-ဟံဇား-သာဂရကျေးရွာချင်းဆက်ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက သာစည်မြို့နယ် ဝမ်းသာ-ဟံဇား-သာဂရလမ်းသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (A)အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် ကတ္တရာလမ်း ၂ မိုင် ၂ ဒသမ ၅၇ ဖာလုံ၊ ကျောက်ချောလမ်း ၆ မိုင် သုည ဒသမ ၉၇ ဖာလုံ၊ အမာခံလမ်း ၁ မိုင် သုည ဒသမ ၄၆ ဖာလုံ စုစုပေါင်းလမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝမ်းသာရွာနှင့် ဟံဇားရွာကြားရှိ လေးဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအပေါ်အခြေခံပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုနှုန်း၊ လက်ရှိလိုအပ်မှုတို့ကို ဦးစားပေးရွေးချယ်မှုအပေါ် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိနေသော အမာခံလမ်းပိုင်း ၄ ဒသမ ၄၆ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု နေပူရွာမှ ရွှေတချောင်းမြောင်းပေါင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်း သွားလာမှုအတွက် အခက်အခဲများစွာဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသိုက်စိုးက မတ္တရာမြို့နယ် နေပူကျေးရွာနှင့် ရွှေတချောင်းမြောင်းပေါင်လမ်း လမ်းအရှည် ၁ မိုင် ၂ ဖာလုံအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၁၃၆၁ ဒသမ ၀၄ သန်း ကုန်ကျမည်ဖြစ်ပြီး ကျေးရွာ ခြောက်ရွာ၊ အိမ်ခြေ ၁၂၅၃ အိမ်၊ လူဦးရေ ၅၇၆၀ ကို အကျိုးပြုမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းသည် လက်ရှိတွင် ကျောက်ချောလမ်းအဆင့်ဖြစ်ပြီး လမ်းပြတ်တောက်မှုမရှိဘဲ ရာသီမရွေး သွားလာနိုင်သောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရရှိရန်ပုံငွေအပေါ်မူတည်၍ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပြင်ဆင်ခြင်းလုပ်ငန်းကို ဦးစားပေးလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၏ **ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူးတံတား(ကြာအင်းဆိပ်ကြီး)ကို ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်မတိုင်မီကာလအတွင်း သင့်လျော်မည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး) တည်ဆောက်မည်ဆိုပါက Google map တွင် တိုင်းတာချက်အရ မြစ်ကမ်းပါးနှစ်ဖက်အကွာအဝေးမှာ ပေ ၆၀၀ ခန့်ရှိပြီး ချဉ်းကပ်တံတားအပါအဝင် စုစုပေါင်းတံတားအရှည်မှာ ပေ ၂၅၀၀ ခန့်ရှိမည်ဖြစ်ပါကြောင်း၊ သင်္ဘောကြီးများ ဖြတ်သန်းသွားလာသည့်မြစ်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ပေ ၂၄၀ နှင့် ရေလမ်းကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေ level မှ ပေ ၃၀ ခန့် အနည်းဆုံးရှိရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း ဆက်သွယ်သွားလာနိုင်မည့် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး)ကို လတ်တလောနယ်မြေအခြေအနေအရ တံတားမတည်ဆောက်မီ လိုအပ်သော ပဏာမကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုလုပ်ငန်းများဖြစ်သည့် တံတားအူကြောင်းရွေးချယ်ခြင်း၊ မြေစမ်းသပ်ခြင်းနှင့် တံတားပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နယ်မြေအေးချမ်းတည်ငြိမ်လာသည့်အချိန်မှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆန်စိန်၏ **ဟိုယ-တန့်ယန်းလမ်း မိုင်းရယ်မြို့နယ်အပိုင်း လွယ်ပန်တောင်ကြောအတက်အဆင်းမှ လမ်းကွေ့ငါးခုအား ကွန်ကရစ်လမ်းဖြင့် အစားထိုးပေးရန်၊ တန့်ယန်းမြို့နယ် ကတ္တရာလမ်းအား ၁၂ ပေမှ ၁၈ ပေ တိုးချဲ့ခြင်းကို ၄ မိုင်ခန့် ဆက်လက်လုပ်ဆောင်ပေးရန်နှင့် မြို့အဝင်မုခ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းအပိုင်းရှိ "ပတ္တမြား" စက်သုံးဆီဆိုင်အထိနှင့် နောင်ဖောလမ်းအပိုင်းရှိ "ပြည့်ဝ" စက်သုံးဆီဆိုင်အနီးအထိ ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဟိုယ-တန့်ယန်းလမ်းနှင့် စပ်လျဉ်းပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာမျက်နှာပြင်လွှာညှိခြင်း ၇ ဒသမ ၅ ဖာလုံ၊ ကတ္တရာလမ်းများပြုပြင်ခြင်း ၅ ဒသမ ၇၅ ဖာလုံနှင့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွယ်ပန်တောင်ကြောအပိုင်း မတ်စောက်သော လမ်းကွေ့နေရာငါးကွေ့အား ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း၏ တန့်ယန်းမြို့နယ်အပိုင်း ကတ္တရာလမ်းချဲ့ရန် ၇ မိုင် ၅ ဖာလုံကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဟိုယ-တန့်ယန်းလမ်း မိုင်၃၀(တန့်ယန်းမြို့အဝင်အောင်တော်မူစေတီ)မှ ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံအထိ ၂ မိုင် ၂ ဒသမ ၅ ဖာလုံသည် ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီး ၃၂ မိုင် ၂ ဒသမ ၅ ဖာလုံမှ ၃၃ မိုင်(ထွန်းခမ်းဟော်တယ်ရှေ့)အထိ ၅ ဒသမ ၅ ဖာလုံကို ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းပြီးဖြစ်ပါကြောင်း။

တန့်ယန်း- မိုင်းကောင်- တာမဆွန်လမ်း၏ တန့်ယန်းမြို့တွင်း လမ်းအပိုင်းဖြစ်သည့် (၀)မိုင် (ထွန်းခမ်းဟော်တယ်ရှေ့)မှ (ပတ္တမြားဆီဆိုင်)ရှေ့အထိ ၇ ဖာလုံမှာ ၁၈ ပေ အကျယ် လမ်းပိုင်းပေါ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၊ ခြောက်ဖာလုံနှင့် ခုနစ်ဖာလုံကြား ကတ္တရာမျက်နှာပြင်လွှာညှိခြင်းလုပ်ငန်း၊ ၂ ဖာလုံနှင့် ၃ ဖာလုံအတွင်း ရေလည်ဘုရားရှေ့နေရာ ပေ ၅၅၀ အား ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တန့်ယန်းမြို့တွင်း လမ်းပိုင်းများအား ၂၄ ပေ အကျယ် တစ်စပ်တစ်ဆက်တည်းဖြစ်စေရန် ၂၄ ပေ အကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း-နောင်ဖာလမ်း၏ မြို့တွင်းလမ်းပိုင်း ၁ မိုင် ၄ ဖာလုံမှ ၁ မိုင် ၇ ဖာလုံအထိ သုံးဖာလုံကို ပထမအဆင့်အနေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေ အကျယ်သို့ ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ရန်နှင့် (၀)မိုင်မှ ၁ မိုင် ၇ ဖာလုံအထိ ၁ မိုင် ၇ ဖာလုံအား ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ရှမ်းပြည်နယ် လမ်းဦးစီးဌာနမှ လျာထားတင်ပြပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ်၊ သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာအုပ်စုတို့အား ဆက်သွယ်မည့် မှော်ဝန်းချောင်းကူးတံတားအား အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျောက်တန်းမြို့နယ် သီတာမြိုင်ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာတို့အား ဆက်သွယ်သွားလာနိုင်မည့် မှော်ဝန်းချောင်းတံတား တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ မန္တလေးလျောင်ကြီးကြောင့် ပျက်စီးသွားသည့် တံတားများပြုပြင်ခြင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်တံတားများ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လတ်တလောအနေဖြင့် မှော်ဝန်းချောင်းတံတားအား မဆောင်ရွက်သင့်သေးပါကြောင်း၊ တိုးတက်လာသည့် ခရီးသွား၊ ယာဉ်စီးရေတို့အပေါ်မူတည်ပြီးမှသာ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကိုလည်း ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း (မိုးညိုမြို့နယ်အပိုင်)အား ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိသော ၅ မိုင် ၁ ဖာလုံအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း-မိုးညိုလမ်း၏ မိုးညိုမြို့နယ်အပိုင်းသည် ၁၈ ပေအကျယ်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေဖြင့် သတ်မှတ်အပိုင်းလိုက် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းချိုင့်ခွက်များ၊ လမ်းအနိမ့်အမြင့်ဖြစ်ပေါ်နေသည့် နေရာများအား ကျောက်ဖြည့်ခင်း၍ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်သည့်အပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ရန်ပုံငွေလျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာလေးရွာနှင့် မြစ်သားမြို့နယ်ကျေးရွာများတို့မှ ပြည်သူများ သွားလာနေသည့် ကင်းတားလက်ဝဲမြောင်းမကြီးသည် DY- 16 မှ ရွာဝေသွား သင်ပုန်းဆိုင်ဖွန်အထိ ယာဉ်နှစ်စီးရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ်ပေ ၃၀ ကွန်ကရစ်လမ်းဖောက်လုပ်ပေးရန်နှင့် ဝမ်းတွင်း-ပင်းတလဲလမ်း ၁၄/၀ မိုင်မှာ နှစ်စဉ်ပျက်စီးမှုဖြစ်ပေါ်နေသဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကင်းတားလက်ဝဲမြောင်းမကြီးအား ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်နိုင်ရန်အတွက် လမ်းနယ်နိမိတ်အဖြစ်ရရှိနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံတောင်သူများနှင့် ဦးစွာညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ညှိနှိုင်းမှုများ ဆောင်ရွက်ပြီးပါက ကုန်ကျစရိတ်တွက်ချက်ပြီး ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာရန်ပုံငွေတွင် လျာထားတင်ပြကာ ရန်ပုံငွေရရှိမှုအခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝမ်းတွင်း-ပင်းတလဲလမ်း၏ ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့် ကတ္တရာလမ်းပိုင်း ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ကျောက်လမ်း ၈ မိုင် ၅ ဒသမ ၇ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး မန္တလေးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြပြီး ရရှိရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၄၆ / ၂၀၂၆ )
၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်
( ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေး အစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်အား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည် -

ရှမ်းပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )

| | | |
|---|---|---|
| စဝ်သာဦး | အစား | ဦးထွန်းမြင့်ဦး |
| ၁၃/တကန(နိုင်)၀၁၈၈၉၇ | | ၁၃/တကန(နိုင်)၀၄၈၀၂၇ |
| မိုင်းပန်မြို့နယ် | | မိုင်းပန်မြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) | | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ဘုတ်ပြင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇွန် ၂၃

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ဇနီး ဒေါ်နန်းကူးကူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းတပ်နယ်ရှိ တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။ (အောက်ပုံ)




ဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက အမှာစကား ပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အာဏာရပါတီအနေဖြင့် မဲမသမာမှုများ ဆောင်ရွက်ပြီး နိုင်ငံတော်၏ အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်က တာဝန်ယူ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း။

ထိုသို့ နိုင်ငံတော်၏ တာဝန်အား တပ်မတော်က ဆောင်ရွက်ခဲ့ရမှုအပေါ် မသမာသူများ၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် ဆူပူမှုမှတစ်ဆင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာသည်အထိ ဖြစ်ပေါ်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် အဆိုပါ အကြမ်းဖက် လုပ်ရပ်များအား ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရကြောင်း၊ နိုင်ငံတော်မပြိုကွဲရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ မထိပါးစေရန်အတွက် အသက်ကို ပဓာနမထားဘဲ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် အဖွဲ့အစည်းများက နိုင်ငံရေးအကြောင်းပြ၍ ဆူပူအကြမ်းဖက်မှု လုပ်ငန်းများကို လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံအနှံ့ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးနေရခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်အား အပြည့်အဝ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်သည် အင်အား တောင့်တင်းခိုင်မာရန်လိုကြောင်း၊ ထိုသို့ အင်အားတောင့်တင်း ခိုင်မာရန်အတွက် တပ်မတော်သားများ အနေဖြင့် ခြေလျင်၊ ခြေမြန်၊ လက်ရုံးတပ်ဖွဲ့ဟူ၍ မခွဲခြားဘဲ ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် အမြဲအသင့်ဖြစ်နေအောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် သင်တန်းကျောင်းများမှ အဆင့်အလိုက် သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများ၊ စစ်နည်းဗျူဟာများကို လက်တွေ့နယ်ပယ်တွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့်ပေါင်းစပ်၍ စစ်ဆင်ရေးတာဝန်များတွင် အောင်မြင်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ အလားတူ တိုးတက်ပြောင်းလဲလျက်ရှိသည့် စစ်အတတ်ပညာများကိုလည်း စဉ်ဆက်မပြတ်လေ့လာနေကြရန်လိုကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက်စည်းကမ်းစနစ်တကျဖြင့် ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ သို့မှသာ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်များကို တစ်ဦးတစ်ယောက်ချင်း မှစ၍ အဖွဲ့အစည်းအလိုက် ကျေပွန်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ တပ်မတော်သားများ အနေဖြင့် တစ်ဦးချင်း၏ တိုက်စွမ်းရည်များ တိုးတက်နေစေရန် အမြဲမပြတ်လေ့ကျင့် ဆောင်ရွက်နေရန်လိုကြောင်း၊ စွမ်းရည်ထက်မြက်သော တပ်မတော် ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း အမိန့်နာခံတတ်မှုရှိပြီး ရဲဘော်စိတ်ဖြင့် ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း။

စစ်သည် တစ်ဦးချင်းအလိုက် မိမိတတ်ကျွမ်းရမည့် စစ်အတတ်ပညာများကို ကျွမ်းကျွမ်းကျင်ကျင်တတ်ကျွမ်းအောင်လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးသည့် စစ်အတတ်ပညာများကို မိမိစစ်ဆင်ရေးတာဝန် ထမ်းဆောင်ရမည့်နယ်မြေ၊ ရန်သူအပေါ်မူတည်ပြီး မြေပြင်အခြေအနေနှင့် အညီ ကိုက်ညီအောင် အသုံးချရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်အတွက် တပ်မတော်သားများအနေဖြင့် ကျန်းမာကြံ့ခိုင်ရန်လိုကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ထိခိုက်စေသည့် အနေအထိုင် အစားအသောက်များကိုရှောင်ကြဉ်ကြရန်လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကိုယ်ကျိုးအတွက်သာကြည့်ပြီး နိုင်ငံတော်၏ အဖိုးတန်သယံဇာတများ တရားမဝင်တူးဖော်ရောင်းချခြင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချခြင်းများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်နေကြသဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာ ကျဆင်းရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း မရှိစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ထိခိုက်အောင် ဆောင်ရွက်နေမှုများကို တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း။

တပ်မတော်သားများ၏ ပါရမီဖြည့်ဖက်မိသားစုဝင်များ အနေဖြင့် ပါရမီဖြည့်ဖက်ကောင်း ပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍လည်း ပညာရည်မြင့်တင်ရေး ပိုင်းဆိုင်ရာများကို အစဉ်မပြတ် မြှင့်တင်ပေးလျက်ရှိပြီး မိမိတို့၏ သားသမီးများ၊ မိသားစုဝင်များကို ပညာတတ်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

တပ်ရင်း၊ တပ်ဖွဲ့များကို ဦးစီး၊ ဦးဆောင်ပြုလုပ်ရသည့် ခေါင်းဆောင်များသည် မိဘသဖွယ်စိတ်ထား၊ တပ်မှူးကောင်းသဖွယ် စိတ်ထားတို့ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားကာ စေတနာထားပြီး လက်အောက်ငယ်သားများအပေါ် အမြဲစည်းလုံးညီညွတ်မှုရှိအောင် ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ အလားတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ၏ ဇနီးက တပ်နယ်ရှိ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးသော မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် အခြားသီးနှံများစိုက်ပျိုးကြရာ မိုးမြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ဆောင်းရာသီမှာ စိုက်ပျိုးပါတယ်။ ဒီနှစ်မိုးရာသီမှာ မေလက စတင်ပြီး မြေပဲ သုံးဧက စိုက်ပျိုးထားပါတယ်။ ယခုအခါ မြေပဲစိုက်ခင်းမှာ အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု မိုးမြေပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပိုးမွှားကျရောက်မှု ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ သဘာဝအားဆေး၊ ပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး၊ ဘက်စုံကာကွယ်ရေးနည်းစနစ်များကို ကွင်းဆင်းပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ချောင်းရေ၊ မြောင်းရေ၊ မြေအောက်ရေ တင်ပြီး သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြကြောင်း၊ ယခုနှစ် မိုးရာသီ၌ မြေပဲစိုက်ပျိုးရန် ၇၅၈၂ ဧက လျာထားကြောင်း၊ လက်ရှိအချိန်အထိ ၃၈၈၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၈၀)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ



**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းမှ တာဝန်ရှိသူက စီမံကိန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမရပူရခရိုင်၊ အမရပူရမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသည့် အမရပူရမြို့ပြဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ရှင်းလင်းတင်ပြမှုများအပေါ် အမှာစကားများ ပြောကြားခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြု ဖြည့်စွက်ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ် စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



# မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်ရှိ AMI မှ မီတာစောင့်ကြပ်စစ်ဆေးခြင်း ဆောင်ရွက်နေမှုအား စစ်ဆေး

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်မိုးသက်သည် ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးချုပ်ရှိ(Advanced Metering Infrastructure Control Center–AMI)မှ မြို့နယ် (၃)ခုတွင် လျှပ်စစ်ဓာတ်အားသုံးစွဲနေမှုများအား မီတာစောင့်ကြပ်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် တိုင်းဒေသကြီး လျှပ်စစ်၊စွမ်းအင်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအား မန္တလေးလျှပ်စစ်ဓာတ်အားပေးကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်နှင့် အဖွဲ့ဝင်များက AMI စနစ်ဖြင့် ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်များ၏ ဓာတ်အားရရှိမှု၊ သုံးစွဲနေမှုအခြေအနေများနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှု ရှိ၊ မရှိ စောင့်ကြပ်စစ်ဆေးကြည့်ရှုမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးက တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီးများ မှန်ကန်မျှတစွာရရှိရေး၊ မသမာမှုများပပျောက်စေရေး၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် AMI စနစ်ကျင့်သုံးနိုင်ခြင်း မရှိသေးသည့် မြို့နယ်များတွင်လည်း ဘဏ္ဍာငွေရရှိမှုအခြေအနေပေါ်မူတည်ပြီး AMI စနစ်အား ဆက်လက် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်သွားရေး တို့ကို မှာကြားခဲ့ပြီး AMI စနစ်ဖြင့် စောင့်ကြပ်စစ်ဆေးနေမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၄)**

# မြို့တော်စည်ပင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက်များအား ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အခမဲ့ပေးဝေ

**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း (၈)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ ထောက်ပံ့ ပေးအပ်ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၆)ထပ်ဆောင်မြေညီထပ်တွင် ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးခင်မောင်အေး တက်ရောက်၍ ဌာနအလိုက် ဝန်ထမ်းများအတွက် ဟင်းသီးဟင်းရွက်များအား အခမဲ့ပေးဝေခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ရာသီအလိုက် စိုက်ပျိုးထုတ်လုပ် ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် နှစ်စဉ်ထောက်ပံ့ပေးခြင်းဖြစ်ပြီး ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ဟင်းသီးဟင်းရွက်များကို ပေးအပ်ရာတွင် ချဉ်ပေါင်ရွက် အစည်း ၁၅၀၊ ခရမ်းသီး အထုပ် ၁၆၀၊ ကန်စွန်းရွက် ၁၂၅ စည်း၊ ဖရုံညွှန့် အစည်း ၃၇၀၊ ဘူးသီး အလုံး ၃၄၀၊ သရက်သီးစိမ်း ၇၅ ထုပ် တို့ကို စီမံရေးရာဌာန ရုံးပေါ်ရှိ ဝန်ထမ်း ၁၂၈ ဦး၊ စည်ပင်သာယာရဲတပ်ဖွဲ့ဝင် ၁၁၀ ဦး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ ဝန်ထမ်း ၁၄၂ ဦး၊ အဆောက်အအုံနှင့် ကုန်ရုံဌာနရှိ ဝန်ထမ်း ၁၉၂ ဦးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အတွက် ခွဲထွက်ဟင်းသီးဟင်းရွက်များအား မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ ပေးအပ်ကြရာ ဌာနမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၃)**





- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

Mandalay City Development Committee
MANDALAY

# ကြေးနန်းဆက်သွယ်ရေး၏ သမိုင်းမှတ်တမ်းများ

မောင်မောင်စွယ်စုံထွန်း




၁၉ ရာစု အစောပိုင်းကာလများတွင် ဆက်သွယ်ရေးဆိုသည်မှာ အလွန်ကို နှေးကွေးခဲ့ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဟိုဘက်နှင့်ဒီဘက်ကို (သို့မဟုတ်)သမုဒ္ဒရာကိုဖြတ်ပြီး သတင်းစကား တစ်ခု ပေးပို့ချင်သည်ဆိုပါက မြင်းနှင့် သယ်သွားရသည့် စာပို့သမားများ(သို့မဟုတ်) ရာသီဥတု အန္တရာယ်များသည့် ပင်လယ်ပြင်ကို ဖြတ်သန်းရသည့် ရွက်သင်္ဘောများကိုပဲ အားကိုးရသည်။ သတင်းအချက်အလက်များသည် လူနှင့်တိရစ္ဆာန်များ၏ သယ်ယူပို့ဆောင်ရေး အမြန်နှုန်းအတိုင်းပဲ သွားလာနေရသည်။ အမေရိကန်လူမျိုး တစ်ယောက် ဖြစ်သော ဆင်မြူရယ်မော့စ် (Samuel Morse)က အဆိုပါ အခြေအနေကို အပြီးတိုင် ပြောင်းလဲခဲ့သည်။ အံ့သြစရာကောင်းသည်မှာ ဆင်မြူရယ်မော့စ်သည် မူလက သိပ္ပံပညာရှင် (သို့မဟုတ်) အင်ဂျင်နီယာတစ်ယောက် မဟုတ်ခဲ့ပါ။ သူသည် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတစ်ခွင်ကို ခရီးသွားပြီး ပုံတူပန်းချီကားများ ရေးဆွဲနေသည့် အောင်မြင်သော ပန်းချီဆရာ တစ်ယောက်သာဖြစ်သည်။ သို့သော် သူ၏ ကိုယ်ရေးကိုယ်တာ အဖြစ်ဆိုးတစ်ခုက သူ၏ ဘဝလမ်းကြောင်းကို လုံးဝပြောင်းလဲသွားစေခဲ့သည်။

၁၈၂၅ ခုနှစ်တွင် မော့စ်သည် ဝါရှင်တန်ဒီစီမြို့၌ အလုပ်လုပ်နေစဉ် မြင်းစီးစာပို့သမားဆီမှ စာတစ်စောင် လက်ခံရရှိခဲ့သည်။ စာထဲမှာ New Haven မြို့က သူ့ဇနီး ကွယ်လွန်သွားပြီဖြစ်ကြောင်း ဝမ်းနည်းဖွယ် ရေးသားထားသည်။ သတင်းစကားက သူ့ဆီရောက်ဖို့ လေးရက်ခန့် ကြာမြင့်ခဲ့သည့်အတွက် သူ ပန်းချီဆွဲလက်စကို ချထားခဲ့ပြီး ချက်ချင်းအိမ်ပြန်ခဲ့သော်လည်း အချိန်မမီတော့ပါ။ သူအိမ်ပြန်ရောက်သည့် အချိန်မှာ သူ့ဇနီးကို သင်္ဂြိုဟ်ပြီးသွားခဲ့ပြီဖြစ်သည်။ အဆိုပါအဖြစ်အပျက်က သူ၏ရင်ထဲမှာ ဘယ်တော့မှ မေ့ဖျောက်လို့မရသည့် အမာရွတ် သဖွယ် ထင်ကျန်ရစ်ခဲ့သည်။ ဇနီးသည်၏ နောက်ဆုံးအချိန်လေးတွင် အနားမှာ မရှိနိုင်ခဲ့သည့် သူသည် စတင်တွေးတောလာပါတော့သည်။ ခုနစ်နှစ်အကြာ၊ ၁၈၃၂ ခုနှစ် ပင်လယ်ခရီးစဉ်တစ်ခုအတွင်း ဆင်မြူရယ်မော့စ်သည် ခရီးသည်များဆီကနေ လျှပ်စစ်သံလိုက် (Electromagnetism)နှင့် ပတ်သက်သည့် ဆွေးနွေးမှုအချို့ကို ကြားသိခဲ့ရသည်။

ထိုအချိန်က သိပ္ပံပညာရှင်များသည် လျှပ်စစ်အချက်ပြမှု (Electrical Signals) များသည် ဝိုင်ယာကြိုးများမှတစ်ဆင့် သွားလာနိုင်သည် ဆိုသည်ကို စတင်တွေ့ရှိနေကြချိန်ဖြစ်သည်။ မော့စ်သည် ဖြစ်နိုင်ခြေတစ်ခုကို မြင်တွေ့လိုက်သည်။ အကယ်၍ လျှပ်စစ်ဓာတ်အားက သတင်းစကားများကို သယ်ဆောင်သွားနိုင်မည်ဆိုလျှင် များစွာအကျိုးရှိမည်ကို သူ တွေးမိလာသည်။ မော့စ်သည် ပန်းချီဆွဲခြင်းကို ချက်ချင်း ရပ်တန့်ပြီး ဝေးလံသည့် နေရာများကို လျှပ်စစ်အချက်ပြမှုများ ပေးပို့နိုင်မည့် စက်ကိရိယာတစ်ခုကို စတင်ဖန်တီးခဲ့ပါတော့သည်။ သူငယ်ချင်းဖြစ်သူ Alfred Vail ၏ အကူအညီဖြင့် သူသည် ကြေးနန်းစက် (Telegraph)ကို တီထွင်နိုင်ခဲ့သည်။

သူ၏အကြံဉာဏ်မှာ ရိုးရှင်းခဲ့သော်လည်း တော်လှန်ရေးတစ်ရပ်ကဲ့သို့ ကြီးကျယ်လှသည်။ လျှပ်စစ်ခုန်နှုန်း (Pulses)များပို့ဖို့ ခလုတ်တစ်ခုကို နှိပ်မည်၊ ကြိုးမှတစ်ဆင့် လျှပ်စစ်အချက်ပြမှုများကို ပေးပို့မည်၊ တစ်ဖက်စွန်းမှာ အချက်ပြကို လက်ခံပြီး စာသားအဖြစ် ပြန်လည်ဖော်ထုတ်မည်။ သို့သော် ပြဿနာတစ်ခု ရှိနေပါသည်။ "အဲ့ဒီ လျှပ်စစ်အချက်ပြမှုတွေကို ဘာသာစကားအဖြစ် ဘယ်လိုပြောင်းလဲမလဲ" ဆိုသည့် ပြဿနာကို ဖြေရှင်းရန်အတွက် ဆင်မြူရယ်မော့စ်သည် အသံတိုတို (အစက် - Dots) များနှင့် အသံရှည်ရှည် (မျဉ်းတို - Dashes)များ ပါဝင်သည့် ကြေးနန်း ဘာသာစကားစနစ်တစ်ခုကို ဖန်တီးခဲ့သည်။ အဆိုပါအရာမှာ ယနေ့တိုင် အသုံးပြုနေဆဲဖြစ်သည့် မော့စ်ကုဒ် (Morse Code)ပဲ ဖြစ်သည်။ အင်္ဂလိပ် အက္ခရာစဉ် တစ်ခုချင်းစီကို ကိုယ်ပိုင်သီးသန့်ပုံစံ တစ်ခုနှင့် ကိုယ်စားပြုထားသည်။ (ဥပမာ- A ကို အစက်-မျဉ်းတို (dot-dash) အဖြစ် သတ်မှတ်ပြီး အသုံးအများဆုံး E ကိုတော့ အစက် တစ်စက်တည်း သတ်မှတ်ထားပါသည်)။ မြန်မာလိုတော့ (မျဉ်းတိုကို ဒါ ... အစက်ကို ဒစ်)ဟု မှတ်သားလေ့ရှိကြသည်။

၁၈၄၄ ခုနှစ်၊ မေ ၂၄ ရက်မှာ မော့စ်သည် သမိုင်းဝင် သတင်းစကားတစ်ခုနှင့် သူ၏ တီထွင်မှုကို အမေရိကန်အစိုးရရှေ့မှောက်မှာ သရုပ်ပြခဲ့သည်။ ဝါရှင်တန်ဒီစီမှ ဘောလ်တီမိုးမြို့ဆီကို (၄၄ မိုင် အကွာအဝေး) ပေးပို့ခဲ့သည့် အဆိုပါသတင်းစကားမှာ သမ္မာကျမ်းစာထဲမှ စကားစုဖြစ်သည့် "What Hath God Wrought (ဘုရားသခင် မည်သို့သော အရာများကို ဖန်ဆင်းတော်မူလေသနည်း)" ဆိုသည့် စကားစုပဲဖြစ်သည်။ သို့ဖြစ်ရာ ယခုနှစ် မေ ၂၄ ရက်သည် ပထမဆုံးကြေးနန်းပို့ခဲ့သည့်နေ့၏ (၁၈၂) နှစ်မြောက် အမှတ်တရနေ့တစ်နေ့ဖြစ်သည်။

အဆိုပါအခိုက်အတန့်သည် လူသားများ၏ သမိုင်းတွင် ခေတ်သစ်တစ်ခု၏အစကို မှတ်တမ်းတင်လိုက်ခြင်း ဖြစ်သည်။ သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် သတင်းအချက်အလက်များသည် လူသားများ၊ ယာဉ်များထက် မနှိုင်းယှဉ်သာအောင် အများကြီး ပိုမြန်သည့် အမြန်နှုန်းဖြင့် ခရီးသွားနိုင်ခဲ့ပြီဖြစ်သည်။

မကြာခင်၌ ကြေးနန်းကြိုးများသည် အမေရိကန်ပြည်ထောင်စုတစ်ဝန်းကို ပင့်ကူအိမ်ကွန်ရက်သဖွယ် ပျံ့နှံ့သွားသည်။ သို့သော် ကမ္ဘာကြီးကို ချိတ်ဆက်ဖို့ဆိုလျှင် သမုဒ္ဒရာများကို ဖြတ်ကျော်ရန် လိုအပ်လာပါသည်။ ထိုအချိန်က ကြိုးမဲ့ရေဒီယိုလှိုင်းများ မပေါ်သေးပါ။ ထို့ကြောင့် အင်ဂျင်နီယာများသည် ၁၈၅၈ ခုနှစ်မှာ ဥရောပတိုက်နှင့် အမေရိကတိုက်ကို ချိတ်ဆက်ရန်၊ မိုင်ပေါင်း နှစ်ထောင်ကျော် ရှည်လျားသည့် ဧရာမ ရေအောက် ကြေးနန်းကြိုးကြီးတစ်ခု (Transatlantic Telegraph cable)ကို အတ္တလန္တိတ်သမုဒ္ဒရာ ကြမ်းပြင်အောက်မှ ခက်ခက်ခဲခဲသွယ်တန်းခဲ့ကြသည်။

ယခင်သင်္ဘောနှင့် သွားလျှင် သီတင်းပတ်ချီ ကြာမြင့်ခဲ့တဲ့ ဥရောပ-အမေရိက သတင်းစကားတွေကို အဲ့ဒီအချိန်မှာတော့ မိနစ်ပိုင်းအတွင်း ပေးပို့နိုင်ခဲ့ပါပြီ။ ကြေးနန်းစက်သည် ခေတ်သစ်ဆက်သွယ်ရေးစနစ်များ၏ အခြေခံမဏ္ဍိုင် ဖြစ်လာခဲ့သည်။ မော့စ်၏ တီထွင်မှု သက်ရောက်မှုသည် ဧရာမကြီးမားလှသည်။ သတင်းစာပညာ၊ စီးပွားရေးလုပ်ငန်းများနှင့် မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို လုံးဝအသွင်ပြောင်းလဲပစ်ခဲ့သည်။ (မှတ်ချက်-ရေကြောင်းခရီးစဉ်များတွင် အရေးပေါ် အကူအညီတောင်းရန်သုံးသည့် နာမည်ကျော် S.O.S (Save Our Souls)ဆိုသည့် သင်္ကေတသည် မော့စ်ကုဒ်အရ S (... အစက်သုံးစက်)နှင့် O (--- မျဉ်းသုံးကြောင်း)သည် ရိုက်ရအလွယ်ကူဆုံးနှင့် မှတ်မိအလွယ်ဆုံးဖြစ်နေ၍ S.O.S ဟု သတ်မှတ်ခဲ့ခြင်းသာ ဖြစ်သည်)။ ဆင်မြူရယ်မော့စ်သည် သူ၏ လုပ်ဆောင်ချက်များအတွက် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိခဲ့ပြီး ၁၈၇၂ ခုနှစ်၌ ဂုဏ်ယူဖွယ်ရာ ကွယ်လွန်သွားခဲ့သည်။

ဝမ်းနည်းကြေကွဲနေသည့် ခင်ပွန်းတစ်ယောက် ဘဝမှနေ၍ ကမ္ဘာကြီးကို ပြောင်းလဲစေခဲ့သည့် တီထွင်သူတစ်ဦး ဖြစ်လာသည်အထိ ဆင်မြူရယ်မော့စ်သည် လူသားများကို ချက်ချင်းဆက်သွယ်နိုင်မှုဆီ ပထမဆုံးခြေလှမ်းလှမ်းနိုင်အောင် ကူညီပေးခဲ့သည်။ ကြေးနန်းစကားလုံး (ဂရိစာပေမှ τῆλε ( tēle ) 'အကွာအဝေး'နှင့် γράφειν ( gráphein ) 'to write')ကို Semaphore ကြေးနန်းကို ပြင်သစ်တီထွင်သူ Claude Chappe က ပထမဆုံးတီထွင်ဖန်တီးခဲ့ခြင်းဖြစ်ပြီး Semaphore ဟူသော စကားလုံးကို ဖန်တီးခဲ့သူဖြစ်သည်။

ကြေးနန်းဆိုသည်မှာ အဝေးကြီးမှ မက်ဆေ့ချ်များ ပေးပို့ခြင်းနှင့် လက်ခံခြင်းအတွက်ဖြစ်သော ကြေးနန်းအတွက် ကိရိယာတစ်ခုဖြစ်သည်။ ယခုအခါ ကြေးနန်းတစ်ခုတည်းဟူသော စကားလုံးသည် ယေဘုယျအားဖြင့် လျှပ်စစ်ကြေးနန်းကို ရည်ညွှန်းသည်။ ကြိုးမဲ့ကြေးနန်းဆိုသည်မှာ ကြေးနန်းကုဒ်များဖြင့် ရေဒီယိုမှတစ်ဆင့် မက်ဆေ့ချ်များ ပေးပို့ခြင်းဖြစ်သည်။ Chappe သုံးသော ကျယ်ပြန့်သော အဓိပ္ပာယ်နှင့် ဆန့်ကျင်ဘက်၊ Morse သည် ကြေးနန်းဟူသော အသုံးအနှုန်းကို အကွာအဝေးမှ မက်ဆေ့ချ်ပို့ခြင်းနှင့် မှတ်တမ်းတင်သည့်စနစ်များတွင်သာ တင်းကျပ်စွာ အသုံးချနိုင်သည်ဟု စောဒကတက်ခဲ့ကြသည်။ မက်ဆေ့ချ်ပို့ရုံမျှဖြင့် ၎င်းကို Semaphoreနှင့် ခွဲခြားထားရန်ဖြစ်သည်။ ဥပမာအားဖြင့် မီးခိုးအချက်ပြမှုများကို ကြေးနန်းမဟုတ်ဘဲ Semaphore ဟု ယူဆရမည်ဖြစ်သည်။ Morse ၏ အဆိုအရ Pavel Schilling သည် အစောဆုံး လျှပ်စစ်ကြေးနန်းများထဲမှ တစ်ခုကို တီထွင်ခဲ့သည့် ၁၈၃၂ ခုနှစ်မှ စတင်ခဲ့သည်။

Morse ကုဒ်ကို အသုံးပြု၍ လျှပ်စစ်ကြေးနန်းအော်ပရေတာ (သို့မဟုတ်) ကြေးနန်းစာရိုက်သူတစ်ဦးမှ ပေးပို့သော ကြေးနန်းစာတစ်စောင်ကို ကြေးနန်းစာဟု ခေါ်သည်။ ကေဘယ်ဂရမ်သည် ရေငုပ်သင်္ဘောကြေးနန်းကြိုးဖြင့် ပေးပို့သည့် မက်ဆေ့ချ်ဖြစ်ပြီး မကြာခဏ "ကေဘယ်" (သို့မဟုတ်) "ဝိုင်ယာ" ဟု အတိုချုံးထားသည်။ နောက်ဆက်တွဲ -gram သည် ဂရိဘာသာမှ ဆင်းသက်လာခြင်းဖြစ်သည်။ γραμμα (Gramma)ဆိုသည်မှာ ရေးထားသောအရာကို ဆိုလိုသည်။ ဆိုလိုသည်မှာ ကြေးနန်းဆိုသည်မှာ အဝေးက ရေးထားသောအရာနှင့် Cablegram ဆိုသည်မှာ ကေဘယ်ကြိုးဖြင့် ရေးထားသော အရာဖြစ်ပြီး ကြေးနန်းဆိုသည်မှာ အဝေးက ရေးသားခြင်း လုပ်ငန်းစဉ်ကို ဆိုလိုသည်။

နောက်ပိုင်းတွင် Telex သည် တယ်လီဖုန်းကွန်ရက်တစ်ခုနှင့်ဆင်တူသော တယ်လီပရင်တာများ၏ ကွန်ရက်ပြောင်းထားသော Telex ကွန်ရက်မှ ပေးပို့သည့် မက်ဆေ့ချ်ဖြစ်သည်။

ကြေးနန်းဓာတ်ပုံ (သို့မဟုတ်) ဝိုင်ယာကြိုးပုံသည် အဝေးမှ ကြေးနန်းဖြင့် ပေးပို့သော သတင်းစာပုံဖြစ်သည်။ သံတမန် ကြေးနန်းဟုလည်း လူသိများသော သံတမန် ကေဘယ်သည် သံတမန်မစ်ရှင်နှင့် ၎င်း၏ မိခင်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား လျှို့ဝှက်ဆက်သွယ်မှုတစ်ခု ဖြစ်သည်။ ထုတ်လွှင့်မှုအတွက် အသုံးပြုသည့်နည်းလမ်းကို မခွဲခြားဘဲ ကြေးနန်း (သို့မဟုတ်)ကေဘယ်ကြိုးများဟု ခေါ်သည်။

အချုပ်အားဖြင့်ဆိုရသော် မော့စ် တီထွင်ခဲ့သည့် လျှပ်စစ်ကြေးနန်းမှသည် ယခုအခါ ကြိုးမဲ့ကြေးနန်းမှသည် Fax (ခေါ်) ကြိုးမဲ့ပုံများ စာများကို တိုက်ရိုက်ပေးပို့နိုင်သည့်စနစ်များ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ရာ အဆိုပါ လျှပ်စစ်ကြေးနန်းစကားပို့ခြင်းစတင်ခဲ့သည့် (၁၈၂)နှစ်မြောက်ဖြစ်သော မေ ၂၄ ရက်သည် သမိုင်းမှတ်တမ်းဝင်နေ့တစ်နေ့ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



# စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၂၃

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် ဖရူဆို – ဘောလခဲ – ဖားဆောင်း ဒေသများအတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ် ဖရူဆိုမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်းရင်းသား ရိုးရာအကအဖွဲ့များက ဂုဏ်ပြုကြိုဆိုကြသည်။

ဒေသခံ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် အသက်ကို ပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဂုဏ်ယူဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံ ရွှေစာရံ - အောင်ပင်လယ် ဓာတ်အားလိုင်း Switchbay ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ် ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၂၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတ တည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ Main ထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေး ဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၂၃၀ ကေဗွီ ရွှေစာရံပင်မဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်း Switchbay များကို ထိန်းသိမ်းပြုပြင်ရန်နှင့် ၂၃၀ ကေဗွီ အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံနှင့် မြောက်ပြင်ပင်မဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများတစ်လျှောက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချွတ်ယွင်းကြွေသီးတွဲများ လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၂၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

**ရေနုတ်မြောင်းများသည် အမှိုက်ပစ်ရန် နေရာမဟုတ်ပါ။**

❍ ရှေ့ဖုံးမှ

ယခုနှစ် ဇွန် ၂၇ ရက်တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနား "The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ) ဆိုသည်မှာ နည်းပညာတစ်ဟုန်ထိုး တိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသားဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI) ခေတ်အတွင်း မျိုးဆက်သစ် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကဦးတည်ထားရှိသည်။

စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနား" ကို

(က) MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိကအရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသော အခန်းကဏ္ဍတွင် ရှိနေစေရန်၊

(ခ) လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစား လုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်၊

(ဂ) သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်၊

(ဃ) ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်

ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို ဇွန် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာ ပြခန်းများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အသိပညာပေး ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ရာ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

❑ ရှေ့ဖုံးမှ

ထိုင်းနိုင်ငံ စမုစခွန်ရှိ လုပ်ငန်းခွင်တစ်ခုရှိ အလုပ်လုပ်ကိုင်နေစဉ် မတော်တဆအက်စစ်ဖျန်းမိသဖြင့် ခန္ဓာကိုယ်နှင့် မျက်လုံးတို့တွင် ပြင်းထန်ဒဏ်ရာများရရှိခဲ့သည့် မြန်မာအလုပ်သမား ဦးစောကြည်လင်းသည် ဆေးဝါးကုသမှုခံယူခဲ့ရပြီး လုပ်ငန်းခွင်ပြန်ဝင်ရန် အခက်အခဲရှိသည့်အတွက် ဇွန် ၁၉ ရက်တွင် အလုပ်သမားသံမှူးနှင့်အဖွဲ့သည် ကာယကံရှင်အလုပ်သမားနှင့်အတူ စမုစခွန်ခရိုင် လူမှုဖူလုံရေးရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ဆရာဝန်ညွှန်ကြားချက်အရ လိုအပ်ပါက အလုပ်မဆင်းနိုင်သည့် ကာလများအတွက် ဥပဒေနှင့်အညီ ရထိုက်ခွင့်ရှိသော လုပ်ခလစာများနှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံး ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အလုပ်သမားသံအရာရှိရုံး (Call Center) 020030015၊ အလုပ်သမားသံမှူး (ဗန်ကောက်) 0618108454၊ အလုပ်သမားသံအရာရှိ(ဗန်ကောက်)0626890119၊ အလုပ်သမားသံအရာရှိ (ဗန်ကောက်) 0652206952၊ အလုပ်သမားသံအရာရှိ (မဲဆောက်) 0652206953၊ အလုပ်သမားသံအရာရှိ (ချင်းမိုင်) 0945866607 အလုပ်သမားသံအရာရှိ (ရနောင်း) 0634818121 စသည့် အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း တိကျစွာသတင်းပေးပို့ပြီး အကူအညီတောင်းခံတိုင်ကြားနိုင်ကြောင်းသိရသည်။

MT

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသားသုံးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၃

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ–ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား သုံးဦးအား မြန်မာ–ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Jesse Elhanan Warbah နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။


၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇွန် ၂၃ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၈ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၅ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၃ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ဆက်စ်ကို အသင်းတွင် ဆက်ရှိသွားမည်ဟု မန်ယူအသင်း အတည်ပြု



**လန်ဒန် ဇွန် ၂၃**

တိုက်စစ်မှူး ဆက်စ်ကို အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ယူအသင်းက အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဆက်စ်ကိုသည် မန်ယူအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး ၁၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ယူအသင်း၏ ထုတ်ပြန်ချက်တွင် "ဆက်စ်ကို အသင်းမှာ ဆက်ရှိသွားမှာပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူ့အတွက် မည်သည့်ကမ်းလှမ်းမှုမျိုးကိုမှ လက်ခံစဉ်းစားသွားမှာ မဟုတ်ပါဘူး"ဟု ထုတ်ပြန်ထားသည်။

(ဝဲပုံ) (NGB)

## အီတီယန်ကာမာရာကို ပါနာသီနာကိုစ့်အသင်း ခေါ်ယူ



**လန်ဒန် ဇွန် ၂၃**

ဂရိကလပ် ပါနာသီနာကိုစ့်အသင်းသည် ချာလာရွိုင်းအသင်း ကွင်းလယ်ကစားသမား အီတီယန်ကာမာရာကို ယူရို ၄ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပါနာသီနာကိုစ့်အသင်းနှင့်အတူ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အီတီယန်ကာမာရာသည် ချာလာရွိုင်းအသင်းနှင့်အတူ ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၇၉ ပွဲ ကစားကာ နှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပါနာသီနာကိုစ့်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပါနာသီနာကိုစ့်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား သုံးဦးအထိ ခေါ်ယူ အားဖြည့်ထားပြီးဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အဒမ်ဝက်ဘ်စတာကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်းစီစဉ်

**လန်ဒန် ဇွန် ၂၃**

ဘရိုက်တန်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား အဒမ်ဝက်ဘ်စတာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၁၉-



၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၈ ပွဲ ကစားပြီး ရှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နောက်ခံကစားသမား အဒမ်ဝက်စ်စတာ ကိုယ်တိုင်ကလည်း ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဝက်စ်ဟမ်းအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အဒမ်ဝက်ဘ်စတာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)



## နော်ဝေအသင်းက ဆီနီဂေါအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၂၃**

၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (I)ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက နော်ဝေအသင်းနှင့် ဆီနီဂေါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက ဆီနီဂေါအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ (အပေါ်ပုံ)

နော်ဝေအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၄၃ မိနစ်တွင် ပီဒါဆန်၊ ပွဲချိန် ၄၈ မိနစ်နှင့် ၅၈ မိနစ်တွင် ဟာလန်းတို့က အသီးသီးသွင်းယူပေးခဲ့သည်။

နော်ဝေအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စု (I)တတိယပွဲစဉ်အဖြစ် လာမည့် ဇွန် ၂၇ ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။(NGB)

## ရှလော့တာဘက်ခ် အရွတ်ဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**မြူးနစ် ဇွန် ၂၃**

ဂျာမနီအသင်း နောက်ခံကစားသမား ရှလော့တာဘက်ခ်သည် အရွတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်အဖြစ် ဂျာမနီအသင်းက အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ရှလော့တာဘက်ခ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂျာမနီအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ရှလော့တာဘက်ခ်သည် ဂျာမနီအသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၆ ခုနှစ်အထိ ပြိုင်ပွဲ ၂၉ ပွဲအထိ ကစားကာ တစ်ဂိုးသွင်းယူထားသည်။ (အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* ဝုဖ်အသင်းသည် တိုရီနိုအသင်း တိုက်စစ်မှူး ချီအဒမ်စ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ဂရိကလပ် အိုလံပီယာကို့စ်အသင်းသည် ဂျီရိုနာအသင်း နောက်ခံကစားသမား ပက်ဘလိုမာဖီယိုကို ပြောင်းရွှေ့ကြေး ယူရို သုံးသန်းဖြင့် ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

(NGB)

## ကာတစ်ဂျုံးစ်အတွက် အင်တာမီလန်အသင်း၏ ကမ်းလှမ်းမှုကို လီဗာပူးအသင်း ပယ်ချ


**လန်ဒန် ဇွန် ၂၃**

လီဗာပူးအသင်းသည် အသင်းကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်အတွက် အင်တာမီလန်အသင်း၏ ကမ်းလှမ်းလာမှုကို ပယ်ချခဲ့သည်။

အင်တာမီလန်အသင်းသည် ကာတစ်ဂျုံးစ်အတွက် စတာလင်ပေါင် ၂၁ ဒသမ ၇ သန်းဖြင့် ကမ်းလှမ်းလာမှုကို လီဗာပူးအသင်းက ပယ်ချခဲ့သည်။

ကွင်းလယ်ကစားသမား ကာတစ်ဂျုံးစ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၈ပွဲ ကစားပြီး ၂၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ (ယာပုံ)

လီဗာပူးအသင်း၏ထုတ်ပြန်ချက်တွင် "ကာတစ်ဂျုံးစ်အတွက် ကမ်းလှမ်းမှုကို ပယ်ချခဲ့ပါတယ်။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်ထားသည်။ (NGB)



## 2026 Wimbledon Championships တင်းနစ်ပြိုင်ပွဲ ဇွန် ၂၉ ရက်တွင် စတင်မည်

**လန်ဒန် ဇွန် ၂၃**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော နာမည်ကျော် တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon Championships တင်းနစ်ပြိုင်ပွဲကို လာမည့် ဇွန် ၂၉ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Wimbledon Championships တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၁၂ ရက်အထိ ၁၄ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။



2026 Wimbledon Championships တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများ၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Wimbledon Championships တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ပိုလန်တင်းနစ်မယ် Iga Swiatek တို့ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဖရိုက်ဒရစ်ချ် လေဗာကူဆင်အမျိုးသမီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မြူးနစ် ဇွန် ၂၃**

လေဗာကူဆင်အမျိုးသမီးအသင်းသည် အသင်းနောက်ခံကစားသမား ဖရိုက်ဒရစ်ချ်ကို ၂၀၂၇ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် လေဗာကူဆင်အမျိုးသမီးအသင်းနှင့်အတူ ပြိုင်ပွဲပေါင်း ၁၀၃ပွဲ ကစားကာ သုံးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဖရိုက်ဒရစ်ချ်က "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

(အောက်ပုံ) (NGB)



### ၂၀၂၆ ကမ္ဘာ့ဖလား (အုပ်စုပွဲစဉ်များ) နိုင်ကမ္ဘာ

| ရက်/ အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၂၅-၆-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | B | ဘော့စနီးယား - ကာတာ |
| ၂၅-၆-၂၀၂၆ နံနက် ၀၁:၃၀ နာရီ | B | ဆွစ်ဇာလန် - ကနေဒါ |
| ၂၅-၆-၂၀၂၆ နံနက် ၀၄:၃၀ နာရီ | C | မော်ရိုကို - ဟေတီ |
| ၂၅-၆-၂၀၂၆ နံနက် ၀၄:၃၀ နာရီ | C | စကော့တလန် - ဘရာဇီး |
| ၂၅-၆-၂၀၂၆ နံနက် ၀၇:၃၀ နာရီ | A | ချက် - မက္ကဆီကို |
| ၂၅-၆-၂၀၂၆ နံနက် ၀၇:၃၀ နာရီ | A | တောင်အာဖရိက - တောင်ကိုရီးယား |

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

**မကွေး ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်က ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်အားရှင်းလင်းပြောကြားခဲ့ပြီး စာစီစာကုံးပြိုင်ပွဲကို မကွေးမြို့၊ အထက(ခွဲ)ကန်သာကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက 'လူငယ်နှင့် မူးယစ်အန္တရာယ်' ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် နံရံကပ်ပြဘုတ်များကို ပြသခဲ့သည်။

အဆိုပါ ပြိုင်ပွဲများမှဆုရရှိသူများကို ဇွန် ၂၄ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အကြိုကဗျာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံးအနေဖြင့် ပြည်သူအသိပညာပေးလုပ်ငန်းများဖြစ်သည့် ဟောပြောပွဲများ၊ စာဖတ်ဝိုင်းများ၊ နံရံကပ်စာစောင်ပြပွဲများ၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုပြိုင်ပွဲများကို လစဉ်ပုံမှန် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**ပျော်ဘွယ် ဇွန် ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ပြုလုပ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားကတ်ရရှိသူများနှင့် UID ကတ်ရရှိသူများအား ထုတ်ပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးလွင်က စီမံချက်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပျောက်ဆုံးပျက်စီးမှုမရှိစေရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ထွေးနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

*-*-*-*-*



# မြန်မာ့ရိုးရာခြင်းလုံးအခြေခံ ထိခြောက်ချက်သင်တန်း ဖွင့်လှစ်သင်ကြား

**မြစ်သား ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club အသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့ရိုးရာခြင်းလုံးအခြေခံ ထိခြောက်ချက် (အခမဲ့)သင်တန်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ Youth Club အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။



ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်နိုင်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်နည်းပြနှင့် ဒိုင်လူကြီး ဦးအေးချစ်က မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားနည်းစည်းမျဉ်း၊စည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ သင်တန်းနည်းပြ ဆရာ ဦးကျော်ဇင်မင်းက ရိုးရာခြင်းခတ်ကစားရာတွင် အခြေခံထိခြောက်ချက်ဖြစ်သည့် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဘေးဖဝါး၊ ဘေးဖနောင့်၊ ဘေးဖမျက်၊ ထပ်ခြေဖျား၊ ထပ်ခြေခွင်၊ ထပ်ဒူး စသည့် အခြေခံခြင်းခတ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၈ ရက်မှ ၂၀ရက်အထိ သင်တန်းကာလမှာ သုံးရက်ကြာ အခြေခံထိခြောက်ချက် ခြင်းခတ်ကစားနည်းများကို သင်တန်းသား ၂၂ ဦးအား မြန်မာ့ရိုးရာခြင်းလုံးပညာရပ်များကို လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

*-*-*-*-*

အမှိုက်ပစ်လျှင်
သတိယှဉ်
ရေနုတ်မြောင်းတွင်
မပစ်နှင့်။



# ကျွန်းလှမြို့နယ်၌ အစေ့ထုတ်ပြောင်း ဧက ၂၇၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ဧက ၂၇၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

'ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အစေ့ထုတ်ပြောင်း စိုက်ပျိုးဖို့ ၁၈၉၃၈ ဧက လျာထားတဲ့အနက် လက်ရှိအချိန်အထိ ၂၇၉၇ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ တောင်သူတွေ မေလမှ စတင်စိုက်ပျိုးခဲ့ကြပါတယ်။ အစေ့ထုတ်ပြောင်းသီးနှံကို ပဲစင်းငုံနဲ့သီးညှပ်စိုက်ပျိုးသလို သီးသန့်လည်းစိုက်ပျိုးကြပါတယ်'ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ အစေ့ထုတ်ပြောင်း စိုက်ပျိုးကြသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ ဖောင်မြောင်တောင်ပို့ ကြိုတင်ကာကွယ်ရေးပညာပေးခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(၄၈၀)**

# မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး Talk Show ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ် လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး Talk Show ကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက မူးယစ်ဆေးဝါးအကြောင်းမေးမြန်းရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ အမှတ်(၁) မူးယစ်တပ်ဖွဲ့ခွဲ(မန္တလေး) တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး စိုးမင်းသိန်းကရှင်းပြရာ မူးယစ်ဆေးဝါးဆိုတာ ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်ထုံထိုင်းစေခြင်း၊ ကိုယ်ခန္ဓာကို တစ်နည်းနည်းဖြင့် ဘေးအန္တရာယ်ဖြစ်စေခြင်း၊ သုံးစွဲသူသည် ဆေးဝါးအပေါ် စိတ်ရောကိုယ်ပါ စွဲလမ်းမှုဖြစ်ပေါ်စေခြင်း၊ ဆက်လက် မသုံးစွဲဘဲမနေနိုင်အောင် ဖန်တီးထားသည့် ဆေးဝါးများကိုခေါ်ဆိုကြောင်း၊ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာများ ထိခိုက်စေနိုင်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူသည် အသက်အန္တရာယ်ထိခိုက်စေနိုင်သည်အထိ ဘေးထွက်ဆိုးကျိုးများခံစားလာနိုင်၍ မူးယစ်ဆေးဝါးကို စတင်မသုံးစွဲမိစေရန် အထူးရှောင်ကြဉ်ရန် လိုအပ်ကြောင်းစသည်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**အောင်ဇော်မင်း**



# မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ပျော်ဘွယ် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ၏ လွှတ်တော်အတွေ့ အကြုံရှင်းလင်းခြင်းနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းဆွေးနွေး ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီခွဲက ပျော်ဘွယ်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မန္တလေးတိုင်း ဒေသကြီး လွှတ်တော်ကိုယ်စား လှယ်များဖြစ်သည့် ဦးအောင်နိုင် ညွန့်၊ ဦးဇော်ဝင်းနှင့် ဒေါ်သန်း သန်းအေးတို့က လွှတ်တော်တက် ရောက်ရာတွင် ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆောင်ရွက်နိုင် ခဲ့မှုအခြေအနေများကို ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မန္တလေးတိုင်း ဒေသကြီးလွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးကျော်မြင့်က လွှတ်တော် ကျင်းပနေစဉ်ကာလတွင် ပညာ ရေး၊ ကျန်းမာရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှု ရေးအသင်းအဖွဲ့များ စည်းလုံး ညီညွတ်စွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်း ဆွေးနွေးပြီး တက်ရောက်လာကြ သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မင်းမင်းထွေး(ပျော်ဘွယ်)**



# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇွန် ၂၃**

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၃ ရက် တွင်ကျရောက်မည့် မြန်မာအမျိုး သမီးများနေ့ကို ကြိုဆိုဂုဏ်ပြု သောအားဖြင့် တောင်တွင်းကြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ဦးဆောင် ကျင်းပသည့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့စာကြည့် တိုက်၌ ကျင်းပသည်။**(အပေါ်ပုံ)**

နိုင်ငံတော်တည်ဆောက်ရာ တွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက် ကျော်ရှိသော အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါပြီး အမျိုးသမီးများသည် မိသားစု တာဝန်များသာမက နိုင်ငံတော် ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာ ရေး၊ စီးပွားရေးနှင့် ငြိမ်းချမ်းရေး တို့အပါအဝင် အရေးပါသောကဏ္ဍ များမှ ဘက်စုံပါဝင်ထမ်းဆောင် လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အမျိုးသမီးများ၏ ဦးဆောင်မှုများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် "ဇူလိုင် ၃ ရက် မြန်မာ အမျိုးသမီးများနေ့" ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်း သူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ထူးချွန်ဆုရရှိသူများကို ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ တွင် ဆုများပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(မိသနီးမြေ)**

# ရှန်ဟိုင်းအထည်အလိပ်ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာအထည်ချုပ်လုပ်ငန်းရှင်များအား ဖိတ်ခေါ်

**ရန်ကုန် ဇွန် ၂၃**

တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့၌ ကျင်းပမည့် Intertextile Shanghai Apparel Fabrics – Autumn Edition ပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာ အထည်ချုပ်လုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားကြောင်း မြန်မာ နိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များ အသင်း (MGMA) ထံမှ သိရ သည်။

အဆိုပါပြပွဲကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂၅ ရက်မှ ၂၇ ရက် အထိ ရှန်ဟိုင်းမြို့ရှိ National Exhibition and Convention Center တွင် ကျင်းပသွား မည်ဖြစ်ပြီး ကမ္ဘာ့တစ်ဝန်းမှ အထည်အလိပ်နှင့် ဖက်ရှင် လုပ်ငန်းဆိုင်ရာလုပ်ငန်းရှင်များ တက်ရောက်ပြသကြမည်ဖြစ် သည်။

မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းနှင့် ပြပွဲ စီစဉ်သူများ၏ ပူးပေါင်းစီစဉ်မှုဖြင့် Buyer Delegation Program ကို ဆောင်ရွက်သွားမည် ဖြစ်ပြီး အသင်းဝင်စက်ရုံများမှ တာဝန်ရှိသူများအတွက် နှစ်ည တာ အခမဲ့တည်းခိုခွင့်၊ ဟိုတယ်မှ ပြပွဲသို့ Shuttle Bus စီစဉ်ပေး ခြင်း၊ Fast Track ဝင်ရောက်ခွင့် နှင့် Delegation Lounge အသုံး ပြုခွင့်များကို ပံ့ပိုးပေးသွားမည် ဖြစ်သည်။

သို့ရာတွင် ရှန်ဟိုင်းမြို့သို့ အသွား၊ အပြန်လေယာဉ်လက်မှတ် နှင့် အခြားကုန်ကျစရိတ်များကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ် သည်။

ပြပွဲတွင် ရာသီဥတုနှင့် အပူ ချိန်အလိုက် အသုံးပြုနိုင်သည့် အထည်အလိပ်နည်းပညာများ၊ AI အခြေခံဒီဇိုင်းများ၊ Smart Textiles နှင့် သဘာဝပတ်ဝန်းကျင် နှင့် သဟဇာတဖြစ်သည့် Sustainable Materials များကို လေ့လာနိုင်မည်ဖြစ်သလို နိုင်ငံ တကာစီးပွားရေးမိတ်ဖက်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများလည်း ရရှိမည် ဖြစ်သည်။ **(အောက်ပုံ)**

ပြပွဲသို့ အသင်းဝင်စက်ရုံ (သို့မဟုတ်)ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်နှစ်ဦးအထိ ပါဝင် နိုင်မည်ဖြစ်ပြီး ပါဝင်လိုသူများ အနေဖြင့် ဇူလိုင် ၇ ရက် နောက် ဆုံးထား၍ စာရင်းပေးသွင်းကြရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်များအသင်းက အသိပေးထား ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၈)**



# ဈေးကွက်ဝယ်လိုအားကောင်းလာသည့် ကီလိုမာလကာပင်များ ပိုမိုစိုက်ပျိုးလာ

ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ရာသီမရွေးစားသုံးနိုင်သည့် ဈေး ကွက်ဝယ်လိုအားရှိသည့် ကီလို မာလကာပင်များကို ပိုမိုစိုက်ပျိုး လာကြသည်။ ကီလိုမာလာကာ ပင်များကို ယာမြေများတွင် ဩဂုတ်နှင့် စက်တင်ဘာလများ တွင် အများဆုံးစိုက်ပျိုးကြသည်။ မိုးဦးကျကာလများတွင် စိုက်ပျိုး ပါက အပင်များပိုမိုရှင်သန်နိုင်ပြီး အစေ့မျိုးပင်(သို့မဟုတ်) မြေထုပ် စည်းမျိုးပင်ကို တစ်နှစ်သား အရွယ်ရောက်လျှင် မြေချစိုက်ပျိုး နိုင်သည်။

စိုက်ပျိုးရာတွင် တစ်ပင်နှင့် တစ်ပင် (၁၅-၁၆)ပေခြား၍ စိုက်ပျိုးရပြီး မာလကာပင်ကို အစေ့မှ စိုက်ပျိုးလျှင် (၄-၅)နှစ် ထိကြာနိုင်ကြောင်း၊ ကိုင်းဆက် မြေထုပ်ပျိုးပင်ကို တစ်နှစ်ခွဲ နှစ်နှစ် အတွင်းတွင် အသီးသီးသောကြောင့် စီးပွားဖြစ်စိုက်ပျိုးသော တောင်သူ များက ကိုင်းဆက်မြေထုပ်စည်း အပင်ကိုသာ အများဆုံးစိုက်ပျိုး ကြသည်။

ပျိုးပင်တစ်ပင်လျှင် အပင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၅၀၀-၂၅၀၀-၃၅၀၀-၄၀၀၀ အထိဈေးနှုန်းရှိကြောင်း၊ တစ်ဧက လျှင် ကီလိုမာလကာပင် ၃၅၀ ပင် စိုက်ပျိုးကြပြီး တစ်နှစ်ခွဲသား တွင် ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ စတင် ခူးဆွတ်ချိန်တွင် မာလကာသီး အလုံး(၁၀၀၀-၁၂၀၀)ခန့် ခူးဆွတ် ရကြောင်း၊ ယခု မိုးဦးကျနှင့် မိုးရာသီတွင် အသီးများဖြိုင်ဖြိုင် ထွက်ရှိသော်လည်း ဆောင်းနှင့် နွေရာသီတို့တွင် အသီးအထွက် နှုန်း လျော့နည်းပါးသည်။

လက်ရှိဈေးကွက်အတွင်း ကီလိုမာလကာသီးများ ဝင်ရောက် မှုနည်းပါးသောကြောင့် ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိ ကြောင်း၊ ယခင်လတွင် ကီလို မာလကာသီး တစ်လုံးလျှင် လက်လီဈေး ငွေကျပ် ၆၀၀- ၇၀၀၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည် ၍ ငွေကျပ် ၅၀၀-၆၀၀၊ ယခုလ တွင် ကီလိုမာလကာသီး တစ်လုံး လျှင်လက်လီဈေး ငွေကျပ် ၁၀၀၀- ၁၅၀၀၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည် ၍ ငွေကျပ် ၇၀၀-၈၀၀ ဈေးများ ဖြင့် ရောင်းချကြောင်း သိရသည်။

ကီလိုမာလကာပင်များကို မန္တလေးတိုင်းဒေသကြီးအတွင်း မတ္တရာ၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သားမြို့နယ်များတွင် ဆည် ရေသောက်ဒေသများအတွင်း ကုန်းတွင်းကျသော ယာမြေများ တွင် အများဆုံးစိုက်ပျိုးလာကြ ကြောင်း သိရသည်။

**(အောက်ပုံ)**

**ရွှေမန်း**



တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ
သဏ္ဍာန်လှပ၊ ပန်ရလိမ့်။

# ရာထူးမှ နုတ်ထွက်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကြေညာ

လန်ဒန် ဇွန် ၂၃

ဗြိတိန်ဝန်ကြီးချုပ် ကီးယားစတန်မာက မိမိအနေဖြင့် လေဘာပါတီခေါင်းဆောင်အဖြစ်မှ နုတ်ထွက်မည်ဖြစ်ကာ ဝန်ကြီးချုပ် ရာထူးတာဝန်မှ နုတ်ထွက်မည့်အချိန်ကိုလည်း မကြာမီသတ်မှတ်မည်ဟု ဇွန် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

မိမိအား လေဘာပါတီခေါင်းဆောင်အဖြစ် ရပ်တည်နိုင်မည်ဟု လေဘာပါတီကိုယ်စားလှယ်များက မယုံကြည်ကြောင်း ကြားသိရပြီး ၎င်းတို့၏ရပ်တည်ချက်ကို လက်ခံကြောင်း ဝန်ကြီးချုပ် ကီးယားစတန်မာက ပြောကြားသည်။ သို့ရာတွင် လေဘာပါတီခေါင်းဆောင်အသစ် မရွေးချယ်ရမီအချိန်အထိ မိမိသည် ဝန်ကြီးချုပ်အဖြစ် ရာထူးတာဝန်ကို ထမ်းဆောင်မည်ဖြစ်ပြီး ရာထူးတာဝန်လွှဲပြောင်းရေးအတွက် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

ဝန်ကြီးချုပ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် အမည်စာရင်းလျှာထားခြင်းကို ဇူလိုင် ၉ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကာ လွှတ်တော်ရပ်နားသည့် ကာလဖြစ်သည့် နွေရာသီမတိုင်မီ အမည်စာရင်းလျှာထားခြင်းလုပ်ငန်း ရပ်နားနိုင်ရေးအတွက် အချိန်ဇယားရေးဆွဲပေးရန် အမျိုးသား အမှုဆောင်ကော်မတီအား မိမိက ပန်ကြားမည်ဟု ၎င်းကပြောကြားသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် လေဘာပါတီ အနိုင်ရရှိခဲ့ပြီးနောက် ကီးယားစတန်မာ ဝန်ကြီးချုပ် ဖြစ်လာခဲ့သည်။ နိုင်ငံအား ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဟု ၎င်းက ကြွေးကြော်ခဲ့သော်လည်း ရွှေ့ပြောင်းအခြေချသူများအရေး၊ စွမ်းအင်အရေးဆိုင်ရာ မူဝါဒအရေးများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုမရှိခြင်းအပေါ် ဝေဖန်မှုများရှိလာပြီး အမေရိကန်နိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ဟောင်း ပီတာမင်ဒယ်ဆန်၏ အရှုပ်အထွေးကိစ္စများကြောင့် ဝန်ကြီးချုပ် ကီးယားစတန်မာအား ရာထူးမှ နုတ်ထွက်ရန် လေဘာပါတီအတွင်း တောင်းဆိုမှုများ ရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ






## ဒီဇယ်ဆီဈေးနှုန်းကို တစ်လီတာလျှင် ၂ ဒသမ ၁၀ ရင်းဂစ်သို့ မလေးရှားက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှော့ချပေးမည်

ကွာလာလမ်ပူ ဇွန် ၂၃

မလေးရှားနိုင်ငံတွင် ထောက်ပံ့ကြေးပေးထားသော ဒီဇယ်နှင့် ထောက်ပံ့ကြေးမပါသော ဒီဇယ်တို့အကြား လက်ရှိဖြစ်ပေါ်နေသည့် ဈေးနှုန်းကွာဟချက်ကြောင့် မှောင်ခိုကူးမှုများနှင့် အခွန်ဘဏ္ဍာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် လာမည့် ဇူလိုင်လမှစတင်၍ နိုင်ငံသားများအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇယ်ဆီဈေးနှုန်းကို တစ်လီတာလျှင် ၂ ဒသမ ၁၀ ရင်းဂစ် (သုညဒသမ ၅၁ အမေရိကန်ဒေါ်လာ) သို့ လျှော့ချပေးမည်ဖြစ်သည်။

လက်ရှိတွင် မလေးရှားကျွန်းဆွယ်ဒေသ၌ ဒီဇယ်တစ်လီတာလျှင် ၄ ဒသမ ၃၇ ရင်းဂစ်အထိ ရှိနေသော်လည်း အရှေ့ဘက်ပြည်နယ်များဖြစ်ကြသော ဆာဘားနှင့် ဆာရာဝက်တို့တွင်မူ အစိုးရထောက်ပံ့ကြေးပေးထားသည့် ဈေးနှုန်းဖြစ်သော တစ်လီတာလျှင် ၂ ဒသမ ၁၅ ရင်းဂစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်ရာ မူဝါဒအသစ်အရ မော်တော်ယာဉ်မောင်းနှင်သူများသည် လက်ရှိ မလေးရှားကျွန်းဆွယ်ဒေသတွင် ပေးဆောင်နေရသော ဈေးနှုန်း၏ ထက်ဝက်ကျော်ခန့် သက်သာသောနှုန်းထားဖြင့် ဝယ်ယူရရှိကြမည်ဖြစ်ကြောင်း သိရသည်။

Mon

## မေလအတွင်းက ဥရောပလျှပ်စစ်မော်တော်ယာဉ်ဈေးကွက်တွင် တရုတ်အမှတ်တံဆိပ်များ ဈေးကွက်ချဲ့ထွင်ရန် အခွင့်အလမ်းရရှိခဲ့

ပေကျင်း ဇွန် ၂၃

မေလအတွင်းက ဥရောပမော်တော်ယာဉ်ဈေးကွက် တိုးတက်လာမှုကို လျှပ်စစ်မော်တော်ယာဉ်များ အဝယ်လိုက်ခြင်းက ဆက်လက်ပံ့ပိုးပေးခဲ့ပြီး ဓာတ်ဆီနှင့် ဒီဇယ်ရောင်းအား သိသိသာသာ ကျဆင်းသွားမှုကို အစားထိုးနိုင်ခဲ့ကာ တရုတ်အမှတ်တံဆိပ်များ ဈေးကွက်ချဲ့ထွင်ရန် အခွင့်အလမ်းရရှိခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဥရောပသမဂ္ဂ၊ ဗြိတိန်နှင့် ဥရောပလွတ်လပ်သောကုန်သွယ်မှုအသင်းတို့တွင် မေလအတွင်း စုစုပေါင်းမော်တော်ယာဉ်မှတ်ပုံတင်မှု (သို့မဟုတ်) ရောင်းအားမှာ ၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယာဉ်အစီးရေ ၁၁၅၂၅၂၃ စီး ရှိခဲ့သည်။ ယခုနှစ်၏ ပထမ ၅ လအတွင်း မှတ်ပုံတင်မှုနှုန်းမှာ ၂၀၂၅ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

လျှပ်စစ်မော်တော်ယာဉ်များသည် ဈေးကွက်အရှိန်အဟုန်ကို အဓိကထိန်းချုပ်ထားသည်။ ဘက်ထရီသုံးလျှပ်စစ်ယာဉ်၊ ပလပ်ထိုးဟိုက်ဘရစ်ယာဉ်နှင့် ဟိုက်ဘရစ်ယာဉ်များ၏ မှတ်ပုံတင်မှုနှုန်းမှာ အသီးသီး ၃၉ ဒသမ ၁ ရာခိုင်နှုန်း၊ ၁၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၈ ဒသမ ၂ ရာခိုင်နှုန်းစီ မြင့်တက်ခဲ့ပြီး၊ ၎င်းတို့စုစုပေါင်းသည် မေလအတွင်း အသစ်မှတ်ပုံတင်ထားသော မော်တော်ယာဉ်အားလုံး၏ သုံးပုံနှစ်ပုံကျော် ရှိကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## နိုင်ဂျီးရီးယား အမြွှာညီအစ်ကိုနှင့် အမြွှာညီအစ်မနှစ်ဦး ပျော်ရွှင်ဖွယ်ရာ ပူးတွဲမင်္ဂလာပွဲ၌ လက်ထပ်ထိမ်းမြား

လေဂို့စ် ဇွန် ၂၃

နိုင်ဂျီးရီးယားနိုင်ငံတွင် အမြွှာညီအစ်ကိုနှစ်ဦးဖြစ်သော တိုင်ဝိုနှင့် ကီဟင်ဒီ အိုဂန်တိုယဲတို့သည် အမြွှာညီအစ်မနှစ်ဦးဖြစ်သော တိုင်ဝိုနှင့် ကီဟင်ဒီ အာဒီဒီရန်တို့ကို ပျော်ရွှင်ဖွယ်ရာ ပူးတွဲမင်္ဂလာပွဲ၌ လက်ထပ်ထိမ်းမြားခဲ့ကြသည်။

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်းတွင် အဓိကနေထိုင်ကြသော ယိုရုဘာလူမျိုးများသည် အမြွှာမွေးဖွားနှုန်း ပုံမှန်ထက်ထူးကဲစွာ မြင့်မားခြင်းကြောင့် လူသိများကြသော်လည်း ယခုကဲ့သို့ အမြွှာနှစ်စုံ အတူတကွ လက်ထပ်ထိမ်းမြားခြင်းမျိုးမှာမူ တွေ့ရခဲသော ဖြစ်ရပ်တစ်ခု ဖြစ်သည်။

ယိုရုဘာယဉ်ကျေးမှုတွင် အမြွှာကလေးများကို ကောင်းချီးမင်္ဂလာတစ်ရပ်အဖြစ် သတ်မှတ်ကြပြီး ၎င်းတို့၏ အမည်များကိုလည်း ကြိုတင်သတ်မှတ်ထားပြီးဖြစ်သည်။ ဦးစွာမွေးဖွားသော ကလေးအား "ကမ္ဘာလောကကို စမ်းသပ်သူ"ဟု အဓိပ္ပာယ်ရသည့် တိုင်ဝိုဟု ခေါ်ဆိုကြပြီး နောက်မှ မွေးဖွားသော ကလေးအား "နောက်မှ လိုက်လာသူ"ဟု အဓိပ္ပာယ်ရသည့် ကီဟင်ဒီ ဟု ခေါ်ဆိုကြကြောင်း သိရသည်။

Mon

## အိန္ဒိယနိုင်ငံ လက်ခနောင်းမြို့ကောလိပ်အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွား လူ ၁၄ဦးထက်မနည်း သေဆုံးခဲ့ရ

နယူးဒေလီ ဇွန် ၂၃

အိန္ဒိယနိုင်ငံ လခနောင်းမြို့ရှိ ကောလိပ်အဆောက်အအုံတစ်ခုတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ပြီး ၎င်းတို့အနက် အများစုမှာ ကျောင်းသားများဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ မြောက်ပိုင်းမြို့ရှိ သုံးထပ်စီးပွားရေးလုပ်ငန်းသုံး အဆောက်အအုံတစ်ခုတွင် မီးလောင်မှု စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ အဆိုပါအဆောက်အအုံ၏ အထပ်တစ်ထပ်တွင် ကောလိပ်ကျောင်းသားများအတွက် စာကြည့်တိုက်နှင့် အန်နီမေးရှင်းစတူဒီယို တစ်ခုရှိပြီး အခြားအထပ်တွင် တိရစ္ဆာန်ဆေးကုခန်း ဖွင့်လှစ်ထားသည်။

မြောက်ပိုင်း ဥတ္တရပရာဒက်ရှ်ပြည်နယ်၏ မြို့တော်ရှိ လူနေရပ်ကွက်တစ်ခုတွင် တည်ရှိသော အဆိုပါ သုံးထပ်အဆောက်အအုံ၏ အလယ်ထပ်မှနေ၍ မီးစတင်လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Mon



## စမ်းသပ်ဂြိုဟ်တုတစ်စင်းကို အာကာသထဲသို့ လွှတ်တင်ရန် လောင်းမတ်ချ် ၇အေ သယ်ဆောင်ရေးဒုံးပျံတစ်စင်း လွှတ်တင်

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံသည် စမ်းသပ်ဂြိုဟ်တုတစ်စင်းကို အာကာသထဲသို့ လွှတ်တင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လောင်းမတ်ချ် ၇အေ သယ်ဆောင်ရေးဒုံးပျံ တစ်စင်းကို လွှတ်တင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနကဖော်ပြသည်။

အဆိုပါ ဒုံးပျံသည် ဟိုင်နန်ပြည်နယ် ကမ်းရိုးတန်းရှိ ဝင်ချန်း အာကာသလွှတ်တင်ရေးစင်တာရှိ ပစ်စင်တစ်ခုမှ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပျံတက်သွားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင် အာကာသလုပ်ငန်းကြီးက သတင်းထုတ်ပြန်သည်။

ထိုဒုံးပျံသည် အချိန်တိုအတွင်း ပျံသန်းပြီးနောက် ကွန်မြူနီကေးရှင်း နည်းပညာသရုပ်ပြ ၂၆အေဟု အမည်ပေးထားသည့် ဂြိုဟ်တုကို သတ်မှတ်ထားသော ပတ်လမ်းကြောင်းအတွင်းသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ဂြိုဟ်တုကို စီအေအက်စ်စီ၏ လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော ရှန်ဟိုင်း အာကာသပျံသန်းမှုနည်းပညာအကယ်ဒမီက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရေဒီယိုနှင့် ရုပ်မြင်သံကြားအချက်ပြမှုများ ထုတ်လွှင့်ခြင်း၊ အချက်အလက်များ လက်ဆင့်ကမ်းပေးခြင်းနှင့် ဆက်သွယ်ရေး နည်းပညာများကို စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon



## အစိုးရစက်မှု၊ လက်မှုသိပ္ပံ(သရက်)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ



**သရက် ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အစိုးရစက်မှု၊လက်မှုသိပ္ပံ(သရက်)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ဆရာဖြေခန်းမတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့သည်။

အဆိုပါ စကားဝိုင်းတွင် အစိုးရစက်မှု၊လက်မှုသိပ္ပံ(သရက်)ကျောင်း၊ ကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်စံဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဘက်စုံထူးချွန်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆွေးနွေးကျင်းပရာတွင် မောင်ခန့်သီတာထွန်း(ပထမနှစ်)က လူငယ်နှင့် AI ခေါင်းစဉ်ဖြင့်လည်း နည်းပညာ ခေါင်းစဉ်တို့ဖြင့်ကောင်း၊ မချစ်စုဝေ(ပထမနှစ်)က လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်ရှိုင်းဝဏ္ဏအောင်(ဒုတိယနှစ်)က လူငယ်နှင့် စာဖတ်ခြင်းအကြောင်းနှင့် မောင်သားနောင်းဗိုလ်(ဒုတိယနှစ်)က လူငယ်နှင့် နည်းပညာ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးငြိမ်းသူက Moderator အဖြစ် ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ကျောင်းသူများက သိလိုသည်များ မေးမြန်းမှုအပေါ် ပါဝင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ပြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**
**ဇော်ထက်(သရက်)**

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းကော်မတီအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၂၃**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအား ကိုးဦးဖြင့် ဖွဲ့စည်းထားပြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်ဦးက ပြီးခဲ့သည့်ကာလအတွင်း ကလေးသူငယ်အခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ကလေးသူငယ်စောင့်ရှောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ခဲ့မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကဏ္ဍအသီးသီးအလိုက် မေးမြန်းဆွေးနွေးရာ ကော်မတီအဖွဲ့အတွင်းရေးမှူးက ပြန်လည်ဆွေးနွေးခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ကော်မတီအဖွဲ့ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း၊ ကော်မတီအဖွဲ့ဝင်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) အလင်းသစ်**

*-*-*-*-*




## အာနာပါန ရှုမှုကင်းခဲ့ပါလျှင်

* အမိဝမ်းတွင်း ကျွန်သက်ဆင်းမှ
ဆောင်နင်းပြုရ ဝင်-ထွက်ပ, လေ
သက်ရှင်ပေလား မနေနားဖြင့်
ကျွန်ကား သေရွာသွားချိန်ထိ ။

* အသက်ရှူတိုင်းမှာ သတိရပါလေ
မကွာအရှိ ကံသတ္တိဖြင့်
အသိမကျော် မမြနော်ကို
ရှုပျော်ပါက "အာနာပါန" ။

* ဝင်၊ ထွက်လေ,ရှိ သက်ရှင်ဘိတုန်း
အသိကပ်ကာ ရပ်နာမ်သာလျှင်
သူဟာမမြဲ ပြောင်းလဲဆဲကို
ရှုမြဲပိုလော့ ပိုပါလော့ ။

* အသိမလိုက် မသိမ်းပိုက်က
အခိုက်ထိုခဏ ဒေါသ,လာမည်
မကွာလောဘ မောဟ,ပါတက်
မရပ်အတွေး ကသိလ်ရေးက
ဝေး၍ ဝေး၍ နေမည်သာ ။ ။

**ရေချမ်း-မန်း**

## လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်းတွင် မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗဟုသုတနှင့် ပြည့်စုံစေရန်အတွက် လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ Grade-11 ကျောင်းသား မောင်ပြည့်ဘုန်းကြွယ်က "လူငယ်နဲ့ စာပေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မသံသာချိုက လူငယ်နဲ့ Social Media" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -11 ကျောင်းသူ မကူးကူးစံက "လူငယ်နဲ့ မူးယစ်ဆေးဝါး"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြရာ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်းဆွေးနွေးပွဲမှ ကျောင်းသား၊ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ရသစာအုပ်၊စာစောင်များ၊ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး နံရံကပ်စာစောင်များအား ခင်းကျင်းပြသခဲ့ရာ လူငယ်စကားဝိုင်းသို့တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**စင်မင်းမောင်(ခရိုင်၊ပြန်/ဆက်)**

*-*-*-*-*






## အမြန်နှုန်း သတ်မှတ်ချက် လိုက်နာရန်

➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် မိုင် ၃၀(၄၈)ကီလိုမီတာ ထက် ပို၍ မမောင်းရ။

➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် မိုင် ၅၀ကီလိုမီတာ(၈၀) ထက် ပို၍ မမောင်းရ။

➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသော နေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

# ဝန်ထမ်းအလိုရှိသည်

၁။ အုပ်ချုပ်ရေးမှူး(ကျား) - ၁ ဦး
၂။ လက်ထောက်အုပ်ချုပ်ရေးမှူး(ကျား) - ၁ ဦး
၃။ ကွန်ပျူတာစာရေး(ကျား) - ၂ ဦး
၄။ အထွေထွေဝန်ထမ်း(ကျား) - ၃ ဦး

အမှတ်စဉ်(၁)နှင့် (၂)ရာထူးအတွက် အသက်(၄၀)မှ (၆၀)နှစ်အတွင်းဖြစ်ရမည်။ ဘွဲ့ရဖြစ်ရမည်။ ရုံးလုပ်ငန်းနှင့် ငွေစာရင်းပိုင်း အတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၃)ရာထူးအတွက် အသက်(၂၅)မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်(၄)ရာထူးအတွက် အသက်(၂၀)မှ (၅၀)နှစ်အတွင်းဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်း အခြေခံပညာအလယ်တန်းအောင်မြင်ရမည်။ အမှတ်စဉ်အားလုံးအတွက် မန္တလေးမြို့တွင်း နေထိုင်သူဦးစားပေးမည်။

(သာသနာရေးအသင်းအဖွဲ့ဖြစ်သည့်အတွက် အရက်သေစာသောက်စားသူများမဖြစ်စေရ)။ (၁၅-၇-၂၀၂၆)ရက် နောက်ဆုံးထားလျှောက်ထားနိုင်သည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနဟိတအသင်း**
**၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြား။ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၀၉၀၀၄၄၁**

# အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်အေးပွင့်ဖြိုး(ဘ)ဦးမောင်နိုင်(၁၄/ဖပန(နိုင်)၂၅၅၉၈၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အေးပွင့်ဖြိုးသည် ၎င်း၏လူမှုပတ်ဝန်းကျင်တွင် ကောင်းမွန်သော ဂုဏ်သတင်းဖြင့် အေးဆေးတည်ငြိမ်စွာ နေထိုင်နေသူတစ်ဦးဖြစ်ပါသည်။

ယခုအခါတွင် တချို့သော လူပုဂ္ဂိုလ်များသည် ကျွန်ုပ်၏အမှုသည် ၎င်း၏ဖခင်နှင့်အပေါင်း အသင်းတို့၏ အမည်နှင့်ဓာတ်ပုံများကို အသုံးပြု၍ ဆိုရှယ်မီဒီယာများဖြစ်သည့် Facebook, Tiktok အစရှိသည့် တို့တွင် အမည်မှန်ကို အသုံးမပြုဘဲ အမည်ဝှက်ဖြင့် အကောင့်အတု အမျိုးမျိုးဖွင့်လှစ်ကာ ကျွန်ုပ်၏အမှုသည်နှင့်တကွ ၎င်းနှင့်ပတ်သက်ဆက်နွယ်သူများကို ထိခိုက် နစ်နာစေမှန်းသိလျက်နှင့် အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အလုပ်ကိစ္စများ၊ စီးပွားရေးများ ပျက်စီးစေရန် တမင်ရည်ရွယ်၍ မဟုတ်မမှတ်လုပ်ကြံ သတင်းများ ဖန်တီးရေးသားခြင်း၊ ပုံများ၊ ဗီဒီယိုများတင်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေခြင်းတို့ကို ပြုလုပ်နေကြောင်းနှင့် ထိုသို့ပြုလုပ်နေသည်ကို ပြန်လည်ပြောပြထားသည့် အထောက်အထားများအားလုံးကို ကျွန်ုပ်ကိုယ်တိုင် ဖတ်ရှုတွေ့မြင်သိရှိရပါသည်။

ထို့ကြောင့် မည်သူမဆို ဒေါ်အေးပွင့်ဖြိုး၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အခြားထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့်သတင်း အချက်အလက်များကို ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ လူမှုကွန်ရက်အမျိုးမျိုးတွင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ပြုလုပ်ခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ဝေခြင်း၊ ယင်းတို့ကို အားပေးကူညီခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခြင်းမပြုကြရန် အထူးသတိပေးကြေညာအပ်ပါသည်။

အကယ်၍ ဤအသိပေးကြေညာချက်ပါအတိုင်း မလိုက်နာဘဲ ဆက်လက်ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်ကျော်ဦး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်နှင်းနှင်းဦး(LL.B,DBL)** — **အထက်တန်းရှေ့နေ**

**အမှတ်(၃၄)၊ ၁၉(B/လမ်း)၊ ၈၆(F)လမ်းနှင့် ၈၆(G)လမ်းကြား၊**
**အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၅၀၃၂၂၂၈၊ ၀၉-၄၀၂၆၉၂၁၀၄**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၁-က)၊ ဧရိယာ(၀ ဒသမ ၀၅၂၅)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်းမျက်နှာပွင့်၊ တောင်မြောက် ပေ(၂၀)၊ အရှေ့-အနောက် မြေပြင်အရှိအတိုင်း အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများ ဖြစ်ကြသော ၁။ ဒေါ်သန်းသန်းငွေ(ဘ)ဦးတင်ဖေ(၉/ပသက(နိုင်)၀၅၀၃၀၃)၊ ၂။ ဒေါ်ယဉ်ယဉ်နွဲ့(ဘ)ဦးတင်ဖေ(၉/မနမ(နိုင်)၀၆၄၅၉၀)၊ ၃။ ဒေါ်မြမြ(ဘ)ဦးတင်ဖေ(၅/မနမ(နိုင်)၀၆၄၂၉၅)၊ ၄။ ဦးကျော်မင်း(ဘ)ဦးတင်ဖေ(၉/မနမ(နိုင်)၀၆၄၂၉၆)၊ ၅။ ဦးညွန့်ဝင်း(ဘ)ဦးတင်ဖေ(၉/မနမ(နိုင်)၀၆၄၅၉၃)နှင့် ၆။ ဦးဝင်းဆွေ(ဘ)ဦးတင်ဖေ(၉/မနမ(နိုင်)၁၀၃၀၀၇)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၅)၊ ဦးပိုင်နံပါတ်(၈၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်တင်နွယ်အေး အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရန်ရီလင့်(ဘ)ဦးလီစူးဟုန်(၁/ဗမန(ဧည့်)၀၀၀၀၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၃)၊ ဦးပိုင်နံပါတ်(၇၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်နှင်းနုနှင့် ဒေါ်ငြိမ်းစုစံတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလင်းခက်(ခ)CHONG YEE CHOT(ဘ)ဦးဆိုင်(ခ)CHONG YUT NGON(၉/ခမစ(ပြု)၀၀၀၀၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂-၁၂-၂၀၂၅)ရက်နေ့ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၇)၊ဦးဇော်ဝင်း (ပါ-၂) RC (၂)ထပ် အစား RC (၄)ထပ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(၄-ဧ)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ခင်လှ အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသူ ဒေါ်ခင်လှ(ဘ)ဦးထွန်းရင်(၉/မရတ(နိုင်)၀၂၇၆၃၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်မေသူဝင်း LL.B,LL.M,DBL** **(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်မြတ်နှင်းခိုင် LL.B** **(အထက်တန်းရှေ့နေ)**

**ရုံး** – **အမှတ်(၆/၄)၊ အကွက်(၈၉၉)၊ ၃၂လမ်း၊ ၆၄လမ်းနှင့်၆၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**အိမ်** – **အမှတ်(၂)၊ (ဗ-၉)၊ (ဃ)ရပ်ကွက်၊ ၁၁၅လမ်း၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၁၀၀၁၇၄၊ ၀၉-၃၃၅၃၃၅၇၀**

**အများသိစေရန် ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ အကွက်(၄၉၇)၊ ဦးပိုင်အမှတ်(စ/၁၂၅)၊ မြေဧရိယာ ပေ(၆၀×၄၀)မှာ နန်းခင်ညွန့်မေ အမည်ဖြင့် မြို့မြေ စီစစ်ရေးအဖွဲ့မှ ချပေးထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေဧရိယာ ပေ(၆၀×၄၀)မြေကွက်၏ အစိတ်အပိုင်းဖြစ်သော (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်ကို ဦးချိုလွင်စိုးမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ၍ ယနေ့အထိ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါမြေကွက်ပေါ်တွင် ယခုအခါ အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားပြု စာရွက်စာတမ်းမူရင်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးချိုလွင်စိုး**
**၀၉-၇၉၄၁၆၆၄၃၆၊ ပုသိမ်ကြီးမြို့။**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၅)ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

တွေ့ဆုံစဉ် ဘင်းမ်စတက် ပူးပေါင်း ဆောင်ရွက်မှုအောက်တွင် စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍ၌ ဦးဆောင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဘင်းမ်စတက်နိုင်ငံများ၏ စားရေရိက္ခာဖူလုံရေးကို ပိုမိုအလေးထားပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ဘင်းမ်စတက် စိုက်ပျိုးရေးနှင့် မွေးမြူရေးပူးပေါင်း ဆောင်ရွက်ရန် ရေးဆွဲထားပြီးဖြစ်သည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်နိုင်ရေး၊ လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို စနစ်တကျ စောင့်ကြည့်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်မှုများ ပိုမိုအားကောင်းလာစေရေးဆိုင်ရာကိစ္စရပ်များ၊ သုတေသနပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာဖလှယ်ရေး၊ နည်းပညာလွှဲပြောင်းရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဘင်းမ်စတက် အတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

### စားနပ်ရိက္ခာနှင့်စွမ်းအင်လုံခြုံရေး၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် ဇွန် ၂၃

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey အားယနေ့နံနက်ပိုင်းတွင်နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တွေ့ဆုံစဉ် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများအကြား စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ပင်လယ်ရေကြောင်းလုံခြုံရေးနှင့် ပူးပေါင်းလေ့ကျင့်မှုဆိုင်ရာကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခုနစ်ထပ် လူနေအဆောက်အအုံတစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၃ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇွန် ၂၃

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံတစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့သည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် ခုနစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၄ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှု။





ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ခုနစ်ထပ်လူနေအဆောက်အအုံများကို ယမ်းဖြင့် ဖောက်ခွဲဖျက်ဆီးမှု။

## စီရော်နယ်လ်ဒို ကမ္ဘာ့ဖလားပြိုင်ပွဲတွင် (၆)ကြိမ်ဆက် ဂိုးသွင်းယူနိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်

လန်ဒန် ဇွန် ၂၃

ပေါ်တူဂီအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်(၆)ကြိမ်ဆက် ဂိုးသွင်းယူ နိုင်သူအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ၂၀၂၆ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက ၃၈ ဘက်ကစ္စတန်အသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသက်အကြီးဆုံး တစ်ပွဲတည်းနှစ်ဂိုးသွင်းယူနိုင်သူအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၃မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲပေါင်း ၂၃၀ ကစားပြီး ၁၄၅ ဂိုးအထိ သွင်းယူထားသည်။

(NGB)

0-0-0-0-0

